ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၉၁)၊ အမှတ်(၂၁၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန်အလေးဂရုပြုလုပ်ဆောင်ရေပေးရေးနှင့်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဟန်ချက်ညီညီမျှဝေဆောင်ရွက်နိုင်ငံတော်နှင့်လုပ်ငန်းရှင်များအကျိုးအတွက်နှစ်ရှည်ပင်စိုက်ကွက်များဖော်ထုတ်

ရန်ကုန် မေ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး

ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ ၅ ရက် မွန်းလွဲပိုင်းတွင် ကယားပြည်နယ်လွိုင်ကော်မြို့မှ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း(တီကျစ်)သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရပ်စောက်မြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံ၏ ရေခေါ်မြောင်းနှင့် ရေသွင်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၉ ရက်)

ကြက်ခြေနီကရုဏာရှင်များအဖြစ် ပြည်သူယုံကြည်အားကိုးလာရေး ဆက်လက်ကျင့်ကြံအားထုတ် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများ၌ အားကိုး အားထားပြုရမည့် ထူးချွန်ထက်မြက်သောလူငယ်များ ဘက်စုံကဏ္ဍစုံတွင် စဉ်ဆက်မပြတ် ပေါ်ထွန်းလာ စေရေး၊ စုစည်းခိုင်မာသော အမျိုးသားရေးစွမ်းအားစုများ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် အဘက် ဘက်က အားပေးဆောင်ရွက်လျက်ရှိသည်။

ဤကဲ့သို့သော အခြေအနေ၊ အချိန်အခါမျိုးတွင် မွန်မြတ်သန့်စင်သည့် နိုင်ငံ့အကျိုးပြု ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသည့်အပြင် ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေခြင်းသည် နိုင်ငံတော်၏ မျှော်မှန်းကြိုးပမ်းချက် များနှင့်လျော်ညီစွာ အနာဂတ်ကာလတွင် ပခုံးပြောင်း တာဝန်ယူကြရမည့် ထက်မြက်သောလူငယ်များ၏ အစွမ်းအစကို ဖော်ထုတ်ပြသနေခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို မေလ ၆ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာ၌-

> **"ယခုလို တစ်နိုင်ငံလုံးတွင်ရှိသည့် ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များကို ရွေးချယ်စုစည်း တက်ရောက်စေသည့် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲများကို နှစ်စဉ်အစဉ်အလာ မပျက် ဖွင့်လှစ်ပြီး စုပေါင်းဆွေးနွေး ပညာပေးမှု၊ စခန်းသွင်း လေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်နေခြင်းသည် နိုင်ငံ့အကျိုးလုပ်ငန်းတာဝန်များကို စေတနာ့ဝန်ထမ်း ထမ်းဆောင်နေသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအတွက် ခွန်အားသစ်၊ စွမ်းအားသစ်များ တိုးတက်ပွားများ လာစေမည့် အစီအစဉ်တစ်ရပ်ဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းက များစွာအကျိုးဖြစ်ထွန်းစေမှာ ဧကန်အမှန်ပင် ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

ထူးချွန်ကြက်ခြေနီမောင်မယ်များအား မိမိတို့၏ ထူးချွန်ထက်မြက်မှု၊ ကြက်ခြေနီလူမှုကရုဏာ လုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုတို့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးက ဂုဏ်ပြုချီးမြှောက်လျက်ရှိသည်။ ပိုမိုပြီး ထူးချွန်ထက်မြက်သော၊ အရည်အသွေးပြည့်ဝသော ကြက်ခြေနီ မောင်မယ်များဖြစ်လာစေရေးအတွက် စခန်းသွင်း လေ့ကျင့်ပျိုးထောင်ပေးခြင်းလည်းဖြစ်သည်။ အသင်းကြီးက မိမိတို့အပေါ်ထားရှိသည့် မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရန် ကြက်ခြေနီမောင်မယ်များက ဆက်လက် ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုများနှင့် လျော်ညီထိုက်တန်စွာ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများနှင့်ယှဉ်တွဲပြီး လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်များကို အားကြိုးမာန်တက် ညီညာဖြိုးဖြိုး ကြိုးပမ်းထမ်းရွက်နိုင်လျက်ရှိပြီး အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလျက်ရှိသည်။

အထူးသဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် လူငယ်လူရွယ်များ အများစုဖြစ်သည့် စေတနာ့ဝန်ထမ်း လူမှုရေးစိတ်ဓာတ် ထက်သန်မြင့်မားသည့် ပြည်သူများကို အသင်းကြီး၏ အလံတော် အောက်၌ စုစည်းပြီး နိုင်ငံအကျိုးပြု တိုင်းကျိုးပြည်ဆောင် အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ် ဖြစ်လာ စေရန် စည်းရုံးဦးဆောင်မှုပေးနိုင်နေခြင်းသည် နိုင်ငံတော်၏အနာဂတ်ရေးအတွက် တန်ဖိုးရှိ ထိုက်တန် သည့် ရေခံမြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းဟု ဆိုနိုင်ပေသည်။

သို့ဖြစ်ရာ ထူးချွန်ထက်မြက်သော ကြက်ခြေနီ လူငယ်များသည် ပြုမူနေထိုင်ကျင့်ကြံမှုကအစ ပြည်သူများနှင့် နွေးထွေးပျူငှာစွာ ဆက်ဆံကူညီမှုများမှာပါ စံနမူနာပြုဖြစ်စေရေး၊ ယဉ်ကျေးသိမ်မွေ့သည့် ကြက်ခြေနီ ကရုဏာရှင်များအဖြစ် ပြည်သူအများက ယုံကြည်အားကိုးလာစေရေး ဆက်လက်ကျင့်ကြံ အားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မေ ၂ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံ သံတမန်ရေးရာသင်တန်း (၉/၂၀၀၃)နံနက်ပိုင်း သင်တန်းသား သင်တန်းသူများက မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး သံဃာဆောင် အတွက် ငွေကျပ် ၅၀၀၀၀ ပေးအပ် လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ တင်အေးမြင့်က လက်ခံရယူစဉ်။

(က-ပ)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဝန်ထမ်းမိသားစု၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား၌ မြန်မာစာပါမောက္ခ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

(သမဝါယမ)

နာယကချုပ်ဆရာတော်၊ သင်ကြားစီမံဆရာတော်များနှင့် စာသင်သံဃာများအား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၈

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်များ၊ စာသင်သံဃာအပါး ၄၅၀ တို့အား သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ အဆိုပါ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မြန်မာစာပါမောက္ခ ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သာဂရဉာဏထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် ဆရာတော်အား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ စာချစာသင် ဆရာတော်၊ သံဃာတော်များအတွက် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ်နှစ်သိန်းကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က လက်ခံရယူသည်။

ထို့နောက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သာဂရဉာဏထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သင်ကြားစီမံ ဆရာတော်များနှင့် စာသင်သံဃာတော်များအား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦး၊ ဇနီး ဒေါ်နီနီဝင်းနှင့် တာဝန်ရှိသူများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေဘုံသာစေတီ၊ ရွှေတိဂုံပုံတူဘုရားစေတီ၊ ကျိုက်ထီးဆောင်းဆံတော်ရှင် ပုံတူဘုရားစေတီ၊ ကျိုက်ထီးရိုးဆံတော်ရှင် ပုံတူဘုရားစေတီ၊ ကြက်မင်းတောင်စေတီနှင့် ဗားမဲ့ဆံတော်ရှင်စေတီ ရွှေထီးတော်တင်လှူပွဲတွင် မင်္ဂလာရေစက်ချနှင့် ကျိုက်ထီးဆောင်းဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် ကျိုက်ထီးဆောင်းကျောင်းတိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘီးလင်းမြို့နယ်ရှိ စေတီတော်များအား ရွှေထီးတော်တင်လှူပူဇော် နိုင်ငံတော်သံဃမဟာနာယကဆရာတော်နှင့် ကျိုက်ထီးဆောင်းဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့်ထွက်ခွာကြရာ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ဇုတ်သုတ် စံပြကျေးရွာသို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော် အာရုံခံတန်ဆောင်းသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပူဇော်ကန်တော့ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဘီးလင်းမြို့နယ်ရှိ ရွှေဘုံသာစေတီတော်၊ ကြက်မင်းတောင်စေတီတော်နှင့် ဗားမဲ့ဆံတော်ရှင်စေတီတော် ရွှေထီးတော်တင် အလှူတော်မင်္ဂလာ ရေစက်ချနှင့် ကျိုက်ထီးဆောင်းဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို နံနက် ၉နာရီတွင် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းနှစ်ကျိပ်နှစ်ဆူဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေဘုံသာစေတီတော်၊ ကြက်မင်းတောင်စေတီတော်နှင့် ဗားမဲ့ဆံတော်ရှင်စေတီတော် ရွှေထီးတော်တင်အလှူတော်မင်္ဂလာ ရေစက်ချနှင့် ကျိုက်ထီးဆောင်းဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာအခမ်းအနားတွင် ရွှေဘုံသာစေတီတွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသရထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရ အမှူးပြုသော နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပနှင့် မြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌနှင့် ပင့်ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် တပည့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ချီးမြှင့်တော်မူ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရက ဩဝါဒကထာချီးမြှင့်တော်မူသည်။

ဆက်လက်၍ ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းကျောင်းတိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒ ထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေဘုံသာစေတီတော်တွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကေသရထံဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံပုံတူဘုရားစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဗားမဲ့ဆံတော်ရှင်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က ကျိုက်ထီးဆောင်းဆံတော်ရှင်ပုံတူဘုရား စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ကျိုက်ထီးရိုးဆံတော်ရှင် ပုံတူရုပ်ပွားစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ကြက်မင်းတောင်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်နှင့် သီလရှင်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ငွေလှူဒါန်း

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းအတွက် ဒေါက်တာခင်ရွှေ၊ ဇနီး ဒေါ်စန်းစန်းကြွယ်(ဇေကမ္ဘာကုမ္ပဏီ) မိသားစုတို့က ငွေကျပ်သိန်း ၃၀၀၊ မန္တလေးသိန်းဇော် ဇနီး ဒေါက်တာချိုအေးဟန်တို့က ငွေကျပ်သိန်း ၅၀၊ ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေး (ကမ္ဘောဇဘဏ်လီမိတက်)က ငွေကျပ် ၂၅သိန်း၊ ဒေါ်အေးမြနွယ်(ပုဂံဟိုတယ်)က ငွေကျပ်ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လက်ခံသည်။

ယင်းနောက် ရွှေဘုံသာစေတီတော်ကို ကျိုက်ထီးဆောင်းဆရာတော်အား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြို့နယ်သံဃနာယကအဖွဲ့မှ တာဝန်ပေးအပ်လွှာကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပအား ဆက်ကပ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဘဂ္ဂဒက်ရှိ ကန်ဌာနချုပ်ရုံးအဝင်ဝ၌ အသေခံကားဗုံးခွဲတိုက်ခိုက်
အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၇

ဘဂ္ဂဒက်မြို့ရှိ အမေရိကန်တို့၏ ဌာနချုပ်ရုံးဝင်ပေါက်တစ်ခု၌ ကြာသပတေးနေ့က အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးက ကားဗုံးခွဲတိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် အီရတ်ရှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

အစိမ်းရောင်ဒေသဟု ခေါ်ဝေါ်သော အဆိုပါနေရာ အဝင်ရှိ စစ်ဆေးရေးဂိတ်၌ ယင်းကားဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် အီရတ်ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အီရတ် ၂၃ ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

တာဝန်ရှိ

အီရတ်၌ဖြစ်ပွားသော ကားဗုံးခွဲတိုက်ခိုက်မှုများအတွက် ပြည်ပတိုက်ခိုက်ရေးအုပ်စုများနှင့် အဆက်အသွယ်ရှိသော အဘူမူဆက်ဇာဂါဝီတွင် တာဝန်ရှိကြောင်း အမေရိကန်နှင့် အပေါင်းပါအုပ်ချုပ်ရေးအဖွဲ့ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

နည်းလမ်းအတိုင်း

အဆိုပါ ပေါက်ကွဲတိုက်ခိုက်ခဲ့သည့်ဗုံးတွင် ပါဝင်သည့်ပစ္စည်းများမှာ မကြာမီကာလများက ဂျော်ဒန်နိုင်ငံဖွား တိုက်ခိုက်ရေးသမားတစ်ဦး အသုံးပြုခဲ့သည့် ဗုံးတွင်ပါဝင်သည့်ပစ္စည်းများနှင့် သုံးသည့်နည်းလမ်းအတိုင်းပင်ဖြစ်ကြောင်း အမေရိကန်နှင့် အပေါင်းပါအုပ်ချုပ်ရေးရုံးမှ အရာရှိက ပြောကြားသည်။

တိုက်ခိုက်

အဆိုပါ ကားဗုံးပေါက်ကွဲမှုမှာ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ နန်းတော်တစ်ခုကိုအသုံးပြုထားသည့် လုံခြုံရေးထူထပ်စွာထားရှိသော ဒေသအတွင်း အီရတ်အလုပ်သမားတို့ တန်းစီဝင်ရောက်ရာ နေရာနှင့် အမေရိကန်စစ်ဆေးရေးဂိတ်အကြား အသေခံကားဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အကျဉ်းသားများအား နှိပ်စက်မှု
ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ထုတ်ဖော်ပြောကြား

လန်ဒန် မေ ၇

အီရတ်ရှိ အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းခဲ့သည့် အဖြစ်အပျက်များအပေါ် မျက်မြင်တွေ့ရှိခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သက်သေခံ ထွက်ဆိုချက်များကို သောကြာနေ့ထုတ် သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့ပြီးနောက် အီရတ်အကျဉ်းသားများအပေါ် ဗြိတိသျှတပ်ဖွဲ့ဝင်များ နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

အဆိုပါ မျက်မြင်တွေ့ရှိသူ ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်အကျဉ်းသားများကို ရိုက်နှက်နှိပ်စက်မှုတွင် ပါဝင်ခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ရာထူးအဆင့်အတန်းနှင့် အမည်နာမများအပါအဝင် အချက်အလက်အပြည့်အစုံကို ဗြိတိသျှစစ်ရဲတပ်ဖွဲ့သို့ ပေးခဲ့ကြောင်း ယင်းဒေးလီမီယာ သတင်းစာက ဖော်ပြသည်။

ထိုးကြိတ်ရိုက်နှက်

အီရတ်အကျဉ်းသားများကို ရိုက်နှက်ထိုးကြိတ်မှုနှင့် ကန်ကျောက်မှုများကို မိမိတွေ့မြင်ခဲ့ရကြောင်း အဆိုပါဗြိတိသျှတပ်ဖွဲ့ဝင်က ပြောကြားသည်။ အီရတ်အကျဉ်းသားတို့၏ ဒူးဆစ်များနှင့် လက်များအပေါ် ရိုက်နှက် ထိုးကြိတ် ကန်ကျောက်မှုများ ထပ်ခါထပ်ခါပြုလုပ်ခဲ့ကြောင်းလည်း ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ဆန့်ကျင်ဆန္ဒပြ

မေ ၇ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ခုနှစ် မေ ၇ရက် သောကြာနေ့ရောက်ရှိချိန် အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၇၆၃ဦးရှိပြီ

ဝါရှင်တန် မေ ၈

အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လမှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဝင်ရောက်တိုက်ခိုက်ခဲ့ရာတွင် ၂၀၀၄ ခုနှစ် မေ ၇ ရက် သောကြာနေ့ထိ အီရတ်၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးမှုများရှိခဲ့ကြသည်။

သေဆုံး

ထိုသို့ သေဆုံးခဲ့ရာတွင် မေ ၇ ရက် သောကြာနေ့ရောက်ချိန်၌ အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၇၆၃ဦး ရှိခဲ့သည်။ ယင်းအနက် ၅၅၆ဦးမှာ တိုက်ပွဲကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၀၇ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

မေ ၁ရက်နောက်ပိုင်း

၂၀၀၃ခုနှစ် မေ ၁ ရက်၌ သမ္မတဂျော့ဒဗလျူဘုရှ်က စစ်ပွဲကြီးပြီးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၂၅ဦး ဖြစ်သည်။ ယင်းနောက် ၄၄၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၇၈ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟုဆိုသည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၇ဦး၊ စပိန် ရှစ်ဦး၊ ဘူလ်ဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယားနှင့် ပိုလန်တစ်ဦးစီ သေဆုံးကြောင်း သိရသည်။

(အင်တာနက်)

ရှာဖွေစစ်ဆေး

မေ ၇ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်တစ်ဦးကို ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ဒိန်ဘင်ဖူးအောင်ပွဲ နှစ်(၅၀)ပြည့် နှစ်ပတ်လည်နေ့ ဗီယက်နမ်နိုင်ငံ၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပ

ဟနွိုင် မေ ၇

ဗီယက်နမ်နိုင်ငံသည် ဒိန်ဘင်ဖူးအောင်ပွဲ နှစ်(၅၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုင်ငံခေါင်းဆောင်များနှင့် နိုင်ငံခြားကိုယ်စားလှယ်များ တက်ရောက်၍ ဗုဒ္ဓဟူးနေ့က ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သည်။

အခမ်းအနား၌ သမ္မတ ထရန်ဒတ်လောင် ပြောကြားသော မိန့်ခွန်းတွင် ဒိန်ဘင်ဖူးအောင်ပွဲသည် ၂၀ရာစုနှစ်အတွင်း ဗီယက်နမ်ပြည်သူများ၏ သူရသတ္တိ ပြောင်မြောက်သော အောင်ပွဲတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

လှုံ့ဆော်မှုအစ

ထို့ပြင် ကိုလိုနီနယ်ချဲ့စနစ် ပြိုကွဲမှုအစနှင့် ကမ္ဘာတွင် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုကို အခိုင်အမာလှုံ့ဆော်မှု အစလည်းဖြစ်ကြောင်း ထပ်မံပြောကြားသည်။

အနိုင်ယူခဲ့

ဒိန်ဘင်ဖူးကို ၅၅ ရက်ကြာ ဝိုင်းထားပြီးနောက် ပြင်သစ်တပ်ဖွဲ့ဝင် ၁၆၀၀၀ ကျော်ကို ဗီယက်နမ်တပ်ဖွဲ့ဝင် ၅၅၀၀၀ ခန့်က ၁၉၅၄ ခုနှစ် မေ ၇ ရက်၌ တိုက်ထုတ်ပြီး အနိုင်ယူခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

ဒီဝါနီယာတွင် ဆာဒါအဖွဲ့ဝင်များနှင့် ကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွား တိုက်ခိုက်ရေးသမားများလက်ချက် ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဒီဝါနီယာ မေ ၆

အီရတ်နိုင်ငံ ဒီဝါနီယာရှိ အယ်လ်ဆာဒါ၏ဌာနချုပ်ရုံးတစ်ဝိုက်ကို အမေရိကန်တို့က အဓိကပစ်မှတ်ထားပြီး ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ အမေရိကန် အမှတ်(၂)သံချပ်ကာတပ်မှ တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးသမားများ၏လက်ချက်ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။

အမေရိကန်တို့ ချုံခိုတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး ဝမ်းဗိုက်များ၌ ထိမှန်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ခုခံတိုက်ခိုက်မှုနှင့် ရင်ဆိုင်ရသည့်အတွက် အမေရိကန်တို့က စီ–၁၃၀ လေယာဉ်အကူခေါ်ပြီး ချေမှုန်းရန် စီစဉ်ခဲ့သည်။ အမေရိကန်တို့သည် အယ်လ်ဆာဒါ၏ ဌာနချုပ်၌ ဆာဒါတပ်ဖွဲ့ဝင်များရှိနေသည်ဟု လွန်ခဲ့သော တစ်နာရီခန့်က သတင်းရထားသော်လည်း စီးနင်းဝင်ရောက်ချိန်၌ ဆာဒါတပ်ဖွဲ့ဝင်များ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြသည်။

အဆိုပါဌာနချုပ်အနီး ကျောင်းတစ်ကျောင်း၌လည်း စိန်ပြောင်းနှင့် စိန်ပြောင်းကျည် ၇၀ ခန့် တွေ့ရှိခဲ့ကြသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖော်လူဂျာနှင့်နာဂျက်ဖ်မြို့၌ တိုက်ပွဲဖြစ်ပွား အရပ်သားများ သေကျေဒဏ်ရာရမှုများတိုးလာ

ဘဂ္ဂဒက် မေ ၇

အီရတ်နိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော အခြေအနေများ တည်ငြိမ်ရန်အတွက် အမေရိကန်တို့က ကြိုးပမ်းလျက်ရှိသည်။

အကြောင်းမထူး

အမေရိကန်သမ္မတဘုရှ် ပြုလုပ်ခဲ့သော အင်တာဗျူးသည် အီရတ်နိုင်ငံအခြေအနေအပေါ် မည်သို့ အကျိုးသက်ရောက်ကြောင်းနှင့် ဘဂ္ဂဒက်ရှိဒေသခံများက အီရတ်လူမျိုးများ၏ ဝမ်းနည်းမှုများနှင့် စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုသည် ယခုလို တောင်းပန်မှုများကြောင့် အကြောင်းထူးလာမည်မဟုတ်ကြောင်း၊ ဘုရှ်၏ ရှင်းလင်းချက်များသည် အပြောသက်သက်သာဖြစ်နေကြောင်း ပြောကြားသည်။

တိုက်ပွဲများဖြစ်

ထိုအတောအတွင်း ဖော်လူဂျာနှင့် နာဂျက်ဖ်မြို့များ အပါအဝင် မြို့အများအပြား အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်အဖွဲ့များအကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး သေဆုံးသူ အရပ်သားဦးရေသည်လည်း တိုးမြင့်နေကြောင်း သိရှိရသည်။

လက်ခံနိုင်စရာမဟုတ်

အကျဉ်းထောင်တွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်များနှင့် ပတ်သက်၍ ဘုရှ်က မည်သို့တောင်းပန်စေကာမူ ယခုလို ဖြစ်ရပ်မျိုးသည် မည်သို့မျှ လက်ခံနိုင်စရာကိစ္စရပ်များ မဟုတ်ကြောင်း အီရတ်ပြည်သူများက ပြောကြားခဲ့ကြသည်။ **(အင်န်အိပ်ချ်ကေ)**

လက်နက်ကိုင်သေနတ်သမားများ ပစ်ခတ်တိုက်ခိုက်မှု ပိုလန်သတင်းစာဆရာနှင့် ဓာတ်ပုံဆရာသေဆုံး

ဘဂ္ဂဒက် မေ ၇

ပိုလန်ရုပ်မြင်သံကြားသတင်းစာဆရာတစ်ဦးနှင့် လုပ်ဖော်ကိုင်ဖက် အယ်လ်ဂျီးရီးယားသတင်းစာဆရာတစ်ဦးတို့သည် ကားမောင်းသွားစဉ် သေနတ်ပစ်ခံရသဖြင့် သောကြာနေ့က သေဆုံးသွားခဲ့ကြသည်ဟု ၎င်းတို့၏ ယာဉ်မောင်းသူနှင့် ပိုလန်တီဗွီပီရုပ်မြင်သံကြားဌာနက အတည်ပြုပြောကြားသည်။

ဝါလ်ဒီမာမီလူဝစ်ဇ် (၄၈)နှစ်နှင့် သူ၏ ဓာတ်ပုံဆရာ မူနီယာဘူအမ်ရာနီ (၃၆)နှစ်တို့သည် အီရတ်နိုင်ငံကို ရောက်ရှိခဲ့ကြပြီးနောက် ဘဂ္ဂဒက်တောင်ဘက်ရှိသော ဘေဘီလုံ၌ရှိသော ပိုလန်စစ်အခြေစိုက်စခန်းကို ကားမောင်းသွားစဉ် သေနတ်ဖြင့် ပစ်ခံရပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု ဝါဆောရှိ သံတမန်သတင်းရပ်ကွက်များက ပြောကြားသည်။

ဒဏ်ရာရ

ထိုသို့ အီရတ်တိုက်ခိုက်ရေး သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ပိုလန်ဓာတ်ပုံဆရာ ဂျာဇီအန်းစ်ဆိုသူလည်း ဒဏ်ရာရရှိခဲ့သည်။ ဘဂ္ဂဒက်တောင်ဘက်မိုင် ၂၀ ရှိ လက်တီဖီယာတွင် ၎င်းတို့၏ကားကို သေနတ်သမားများက တိုက်ခိုက်ရာမှ ပိုလန်ဓာတ်ပုံဆရာ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

သေဆုံး

ပိုလန်သတင်းစာဆရာ၏ ယာဉ်မောင်းဖြစ်သူ အာဆီယာကမဲလ်အယ်လ်ကာဇက်ဇ်က သေနတ်သမားများ၏ကားသည် နောက်မှကပ်ပါလာပြီး ၎င်းတို့၏ကားကို တရစပ်မွှေနှောက်ပစ်ခတ်ခဲ့ရာ ကားနောက်ဖက်၌ရှိသော မီလူဝစ်ဇ် သေဆုံးသွားကြောင်း ပြောဆိုသည်။ ထို့နောက် သေနတ်သမားများသည် ကားကို နောက်ပြန်လှည့်ပြီး ပစ်ခတ်သဖြင့် ကားထဲမှထွက်လာသော ဘူအမ်ရာနီ သေဆုံးပြီး ဓာတ်ပုံဆရာ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုသည်။ **(အင်တာနက်)**

မေ ၇ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပြိုကျပျက်စီးသွားသော နေအိမ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာရပ်ကမ္ဘာကိုအလေးထားသောအားဖြင့် သမ္မတဘုရှ် တောင်းပန်သင့် အမေရိကန်တို့လုပ်ရပ် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ဟုဆို

ဘဂ္ဂဒက် မေ ၇

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းထားသော အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုတွင်ပါဝင်သော အမေရိကန်တပ်ဖွဲ့ဝင်များကို တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဟု သမ္မတဘုရှ်က အာရပ်ကမ္ဘာနှင့် အမေရိကန်ပရိသတ်များ ယုံကြည်မှုရစေရန် ကတိပြုပြောကြားသည်။

အီဂျစ်သတင်းစာခေါင်းကြီးပိုင်းတွင် အာရပ်ကမ္ဘာကို အလေးထားသောအားဖြင့် သမ္မတဘုရှ်သည် တောင်းပန်စကားပြောဆိုသင့်ကြောင်း၊ အီရတ်၌ မတည်ငြိမ်မှုများ အဆုံးသတ်ရေးနှင့် အရှေ့အလယ်ပိုင်းဒေသရှိ ပြည်သူများ၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရာတွင် သမ္မတဘုရှ်၏ တောင်းပန်မှုလိုအပ်ကြောင်း ဆောင်းပါးရှင်က ထောက်ပြ ရေးသားခဲ့သည်။ ဆော်ဒီအာရေးဗျနိုင်ငံရှိ အယ်လ်အာရာဗီးယား ရုပ်သံလွှင့်ဌာနက သမ္မတဘုရှ်နှင့် တွေ့ဆုံမေးမြန်းခွင့်မရကြောင်း သိရသည်။ ဤအတောအတွင်း ဘဂ္ဂဒက်မြို့သားတစ်ဦးက အမေရိကန်များသည် ယုံကြည်စရာမရှိကြောင်း၊သမ္မတဘုရှ်၏ ပြောကြားချက်များသည်လည်း အနှစ်သာရမရှိကြောင်း ပြောကြားခဲ့ပြီး ရာမာလာမြို့မှ ပါလက်စတိုင်းတစ်ဦးက အမေရိကန်တို့၏ လုပ်ရပ်သည် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း၊ အပြစ်ပေးသင့်ကြောင်း၊ သမ္မတဘုရှ်၏ပြောကြားချက်ကို တုံ့ပြန်ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

အီရတ်ပြန်လည်တည်ဆောက်ရေးစီမံကိန်း အလုပ်သမားများ ၁၀ ဦးတွင် သုံးဦးခန့် အီရတ်နိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့ကြ

ဝါရှင်တန် မေ ၇

လုံခြုံရေးကင်းမဲ့မှုကြောင့် ဧပြီလအစောပိုင်းမှစပြီး အီရတ်နိုင်ငံမှထွက်ခွာသွားသော အမေရိကန် ငွေကြေးပံ့ပိုးသည့် ပြန်လည်တည်ဆောက်ရေးစီမံကိန်းများတွင် လုပ်ကိုင်နေကြသော အမေရိကန်နှင့် အခြားအီရတ်မဟုတ်သူ အလုပ်သမားများသည် အကြမ်းအားဖြင့် ၁၀ ဦးတွင် သုံးဦးခန့်ရှိသည်ဟု တွေ့ဆုံမေးမြန်းချက်အရ သိရသည်။

ယင်းရာခိုင်နှုန်းသည် ပြန်လည် တည်ဆောက်ရေးနှင့် ပတ်သက်၍ ကိန်းဂဏန်းနှင့် အချက်အလက်များကို အနီးကပ် သတိထားစောင့်ကြပ်ရသော အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ပေးသည့် ယခင်ခန့်မှန်းခြေများထက် သုံးဆခန့် မြင့်မားခဲ့သည်။

နေရပ်သို့ပြန်ပို့ပေးရသော အီရတ်နိုင်ငံတွင် မိမိတို့အတွက် အလုပ်လုပ်ကိုင်ပေးသည့် စက်မှုနည်းပညာရပ်ဆိုင်ရာ အလုပ်သမားများသည် ၃၀ ရာခိုင်နှုန်းရှိကြောင်း၊ ၇၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏အလုပ်အကိုင်များကို ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ကြောင်း နိုင်ငံတကာဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ၏ အုပ်ချုပ်ရေးမှူး အန်ဒရူးနက်စီယော့စ်က ပြောကြားသည်။

နက်စီယော့စ်က အေဂျင်စီ၏ အခြေခံအဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသအုပ်ချုပ်ရေးလုပ်ငန်းများကို အစီအစဉ်အတိုင်း ဆက်လက်လုပ်ကိုင်နေကြောင်း ပြောဆိုသည်။ အီရတ် အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှုကြောင့် အမေရိကန်ပုံရိပ်သည် ပျက်စီးခဲ့ရာ ကူညီထောက်ပံ့ရေးနှင့် ကန်ထရိုက်အလုပ်များကို ပိုခက်ခဲစေခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုသည် အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့ တစ်လကြာမျှ စစ်ရေးအရ ထိပ်တိုက်တွေ့ခဲ့ကြသဖြင့် အဟန့်အတားဖြစ်ခဲ့ရပြီး ဖြစ်သည်။ **(အင်တာနက်)**

မေ ၇ ရက်က ဘာဆာရာမြို့တွင် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် စစ်ယာဉ်တစ်စီးနှင့် ကင်းလှည့်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဧပြီ ၂၉ရက်က ဖော်လူဂျာမြို့အနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများ တိုက်ပွဲဖြစ်ပွားနေစဉ် အီရတ်ပြည်သူအချို့ မြို့ပြင်တွင် တိမ်းရှောင်နေရသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

မေ ၆ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်နှင့် အပေါင်းပါတို့၏ စစ်ဌာနချုပ်ရုံးကို ကားဗုံး တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မေ ၇ရက်က ကူဖာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော နေအိမ်ရှေ့တွင် အီရတ်အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၅ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များက နာဂျက်ဖ်မြို့ရှိ လူနေအိမ်များကို စီးနင်းတိုက်ခိုက်ရာတွင် အီရတ်ကလေးငယ်များ ထိတ်လန့်ကြောက်ရွံ့နေကြသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မေ ၆ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦး နာဂျက်ဖ်မြို့ရှိ ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၆ ရက်က ဘဂ္ဂဒက်မြို့လယ်၌ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် အီရတ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင်
မြန်ပြည်တစ်ခွင်

ဗန်းမော်ဒီဂရီကောလိပ်

ကချင်ပြည်နယ် ဗန်းမော် ဒီဂရီကောလိပ် အဆောက်အအုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

မကွေးတိုင်း အောင်လံမြို့နယ်ရှိ ဘွက်ကြီးရေလှောင်တမံ ပင်မ တူးမြောင်းမှ ရေသောက်ဧရိယာများသို့ ရေပေးဝေနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



ရန်ကုန်-သန်လျင်တံတား အမှတ်(၂)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်ကို ဆက်သွယ်ပေးမည့် ရန်ကုန်-သန်လျင်တံတား အမှတ်(၂)၏ တည်ဆောက်ပြီးစီးမှုအခြေအနေကို ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ဘက်ခြမ်းမှ တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ကျိုင်းတုံ-နမ့်လိတ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း တည်ဆောက်ထားသော ကျိုင်းတုံ-နမ့်လိတ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဤသို့တွေ့ရသည်။



မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်သော တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စံချိန်စံညွှန်းများနှင့်အညီ အမြန်ပြီးစီးအောင် အလေးထားတည်ဆောက်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပင်လောင်းမြို့နယ်ရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (တီကျစ်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် စက်ရုံစီမံကိန်းလုပ်ငန်းများ ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးငွေးမြင့်က ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်)၏ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပြီးစီးမှုအခြေအနေများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးမှု၊ ဇွန်လဒုတိယပတ်တွင် ပထမစက်တစ်လုံး စတင်စမ်းသပ်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ဇူလိုင်လမှစ၍ အပြည့်အဝ လည်ပတ်နိုင်ရန် စီစဉ်ထားမှု၊ ဒုတိယစက်တစ်လုံးကို ဩဂုတ်လအတွင်းတွင် လည်ပတ်ရန် စီမံထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံအတွက် ကျောက်မီးသွေး တူးဖော်ပေးသွင်းသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းနှင့်အညီတည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ဤစက်ရုံသည် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်စွမ်းရှိသော ကျောက်မီးသွေးသုံးစက်ရုံဖြစ်ရာ စက်ရုံကို စံချိန်စံညွှန်းများနှင့်အညီ အမြန်ပြီးစီးအောင် အလေးထား တည်ဆောက်ကြရန် လိုသကဲ့သို့ စက်ရုံပုံမှန်လည်ပတ်ရေးအတွက် လိုအပ်ချက်များကိုလည်း ယခုကတည်းကပင် စနစ်တကျ တွက်ချက်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း။

ဤစက်ရုံက ထုတ်လုပ်ပေးမည့် လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်းပေးနိုင်မှာဖြစ်၍ အဘက်ဘက်မှ အလေးဂရုပြုလုပ်ဆောင်သွားကြရန် ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ အမှတ်(၁) ဘွိုင်လာနှင့် အမှတ်(၂) ဘွိုင်လာတည်ဆောက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ပင်မစက်ရုံအဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ စက်ရုံစီမံကိန်းလုပ်ငန်းများပြီးစီးနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက် လုပ်ငန်းခွင်သို့ သွားရောက်ကြပြီး တီကျစ်ဒေသမှ တူးဖော်ရရှိမည့် ကျောက်မီးသွေးနမူနာနှင့် ကျောက်မီးသွေးတူးဖော်မည့် လုပ်ကွက်ပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တီကျစ်ဒေသရှိ ကျောက်မီးသွေးတူးဖော်မည့် ရုပ်ကွက်ကြီးနှင့် ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်၏ လုပ်ငန်းသုံး စက်ယန္တရားကြီးများကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံသို့ ပြန်လည်ရောက်ရှိကြပြီး ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ မဟာဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း(တီကျစ်)မှာ လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းစက်ရုံဖြစ်သည်။

၆၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် အမှတ်(၁)စက်ကို လာမည့်ဇူလိုင်လမှစ၍ အပြည့်အဝ စတင်လည်ပတ်သွားမည်ဖြစ်ပြီး ၆၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် အမှတ်(၂)စက်မှာ ဩဂုတ်လအကုန်တွင် လည်ပတ်နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ဗထူးတပ်မြို့

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့သို့ ထွက်ခွာ ခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်နယ်မှူးနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ဇော်ဂျီရေလှောင်တမံရေအားလျှပ်စစ်စက်ရုံ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မေ ၆ ရက် နံနက် ၉ နာရီခွဲတွင် ရပ်စောက်မြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပင်လောင်းမြို့နယ်ရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံစီမံကိန်း (တီကျစ်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ရေခေါ်မြောင်းနှင့် ရေသွင်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေထုတ်မြောင်းကို လည်းကောင်း၊ ရေအားလျှပ်စစ်စက်ရုံ၏ အမှတ်(၂) ဂျင်နရေတာနှင့် အမှတ်(၁) ဂျင်နရေတာတို့ကို လည်းကောင်း၊ ဓာတ်အားထိန်းချုပ်ခန်းကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်စက်ရုံ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံမှ နှစ်စဉ်ဓာတ်အားထုတ်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဇော်ဂျီရေလှောင်တမံသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော ရေပေးဝေရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့ကို အကျိုးပြုနေသော ရေလှောင်တမံကြီးဖြစ်ရာ လုပ်ငန်းတာဝန် နှစ်ရပ်စလုံးကို ဟန်ချက်ညီညီ မျှဝေထမ်းဆောင်နိုင်ရန် အရေးကြီးကြောင်း။

စနစ်တကျညှိနှိုင်းလုပ်ကိုင်

ရေလှောင်တမံအတွင်း ရေဝင်မှုနှင့် ရေထုတ်မှုတို့ကို မှန်ကန်စွာ ထိန်းကျောင်း၍ အကျိုးအရှိဆုံး အသုံးချသွားနိုင်အောင် တာဝန်ခံဝန်ထမ်းများက အဆင့်ဆင့် စနစ်တကျ ညှိနှိုင်းလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံတွင် ခြောက်မဂ္ဂါဝပ်ရှိ စက်နှစ်လုံးတပ်ဆင်ထားပြီး ၁၂မဂ္ဂါဝပ် ထုတ်လုပ်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။ ၎င်းစက်ရုံကို ၂၀၀၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာမှ ကြိုဆိုနှုတ်ဆက်ကြသည့် ဌာနဆိုင်ရာများ၊ ဒေသခံ ရွာသူရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့သည့် ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချိုကားလမ်း မှတ်တမ်းကျောက်စာတိုင်ကို ကြည့်ရှုကြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ထို့နောက် ကျေးရွာရှိ ယာယီရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တောင်ကြီးခရိုင် အင်ဂျင်နီယာမှူးဦးဖေမင်းက ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချို ကားလမ်း၏ လက်ရှိအခြေအနေကိုရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပိုမိုကောင်းမွန်အောင်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချိုကားလမ်း ပိုမိုကောင်းမွန် အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချို ကားလမ်းမှာ လမ်းသား အကျယ်ပေ ၃၀၊ ကျောက်ချောလမ်း ၂၂ ပေရှိသည့် လမ်းဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းဖြစ်သည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ခြံမန်နေဂျာ ဦးစိုးထွန်းက ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက် အနေဖြင့် ရပ်စောက်မြို့နယ် တပ်ဦးခြံတွင် ဧက ၂၀၀၊ မြောင်းတော်ခြံတွင် ဧက ၁၁၆၀ နှင့် ကျောက်ဆုံကုန်းခြံတွင် ၉၀၅ ဧက စိုက်ပျိုးလုပ်ကိုင်ခွင့်များ ရရှိထားမှု၊ ကြံ၊ အစေ့ထုတ်ပြောင်း၊ ယာစပါး၊ ပဲယင်း၊ နံ့စားပြောင်း၊ ကော်ဖီ၊ ရော်ဘာ၊ သံပရာ၊ စပါး၊ သစ်ဆိမ့်၊ လိမ္မော်၊ သရက်၊ လိုက်ချီး၊ လောင်ဂန်၊ ပိန္နဲ၊ ပန်းနှမ်းစသည့် ရာသီ သီးပင်၊ စားပင်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးမှုနှင့် အထွက်နှုန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဝမ်းသာဂုဏ်ယူ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တိုင်းရင်းသားလုပ်ငန်းရှင်တစ်ဦးအနေဖြင့် ယခုကဲ့သို့ကြိုးစားပမ်းစား စိုက်ပျိုး ထုတ်လုပ်နေမှုကို ဝမ်းသာဂုဏ်ယူပါကြောင်း။

မိမိတို့နိုင်ငံ၌ မြေလွတ်မြေရိုင်းများ စသည့် မြေသယံဇာတများစွာရှိရာ လယ်မြေ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေးတို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို ဧက ထောင်သောင်းချီ၍ ခွင့်ပြုပေးခဲ့ပြီး တိုင်းပြည်၏လယ်ယာလုပ်ငန်းရှင်များအဖြစ် ပေါ်ထွက်လာအောင် အားပေးပျိုးထောင်ပေးလျက်ရှိကြောင်း။

ခေတ်မီလယ်ယာလုပ်ကွက်

သမားရိုးကျ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ကိုင်နေသည့် တောင်သူလယ်သမား များ၏လယ်ယာစိုက်ပျိုးရေးလုပ်ကွက်ငယ်များနှင့်အတူ ဧက ထောင်သောင်းချီသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ခေတ်မီလယ်ယာလုပ်ကွက်ကြီးများ ပေါ်ထွက်လာမှသာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ရရှိပြီး ပြည်ပပို့ကုန်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ထိရောက်အောင်မြင်လာမှာ ဖြစ်ကြောင်း။

သို့မှသာ နိုင်ငံတော်အတွက်လည်း အကျိုးရှိပြီး စိုက်ပျိုးထုတ်လုပ်သော လုပ်ငန်းရှင်များအတွက်လည်း အကျိုးဖြစ်ထွန်းမှာ ဖြစ်ကြောင်း။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်ဦးသံဝရနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိသားစုတစ်နိုင်စိုက်ပျိုးရေးနှင့်အတူခေတ်မီလယ်ယာလုပ်ကွက်များပေါ်ထွက်ရန်ကြိုးပမ်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးပြည်ပပို့ကုန်လုပ်ငန်းများကျယ်ပြန့်ထိရောက်အောင်မြင်မည်ဖြစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာရှိ ယာယီရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချို ကားလမ်း၏ လက်ရှိအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပိုမိုမြန်ဆန်သွားလာနိုင်

ယင်းလမ်းတွင် ဒုဋ္ဌဝတီမြစ်ကူး (နောင်ချို)တံတားကိုလည်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိရာ ပြီးစီးပါက ပိုမိုမြန်ဆန် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

အဆိုပါရှင်းလင်းဆောင်၌ပင် ခရိုင် အင်ဂျင်နီယာမှူးက ရပ်စောက်မြို့နယ် ၁၈မိုင် လမ်းဆုံမှ အင်တောသို့ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြည်သူများ သွားလာမှုအဆင်ပြေရေးအတွက် ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်သွားရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆုံကျေးရွာကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

လှူဖွယ်များဆက်ကပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်ကြပြီး ဆရာတော် ဦးသံဝရနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချို ကားလမ်းနှင့် ဒုဋ္ဌဝတီတံတား (နောင်ချို) တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ အင်တောနှင့် တာပလန်အကြား သစ်တောဖြစ်ထွန်းမှုနှင့် စိုက်ပျိုးနိုင်မည့် မြေလွတ်မြေရိုင်း တည်ရှိမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ်ရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ ကျောက်ဆုံကုန်း ခြံသို့ ရောက်ရှိကြသည်။

ယခု ရပ်စောက်ဒေသအတွင်း အင်တောနှင့်ဒုဋ္ဌဝတီမြစ်အကြား၌ မြေလွတ် မြေရိုင်းဧက သောင်းချီရှိရာ ရေမြေ ရာသီဥတု အခြေအနေအရ ကော်ဖီနှင့် အခြားဖြစ်ထွန်းနိုင်သော နှစ်ရှည်ပင်များကိုစိုက်ပျိုးလျှင် အောင်မြင်နိုင်ကြောင်း။

ယခုဒေသသည် ကော်ဖီဇရိယာများဖြစ်သည့် ပြင်ဦးလွင်၊ နောင်ချိုဒေသ များနှင့်လည်း တစ်ဆက်တစ်စပ်တည်းတည်ရှိသော ဒေသလည်းဖြစ်ကြောင်း၊ ယင်းမြေဇရိယာများကို တိုင်းရင်းသားလုပ်ငန်းရှင်များအား ခွဲဝေချထားပြီး ကော်ဖီနှင့် အခြားနှစ်ရှည်ပင်များကို စိုက်ပျိုးဖြစ်ထွန်းလာအောင် အားပေးသွားရန် မိမိတို့စီမံလျက်ရှိကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း မိမိတို့၏အကျိုး၊ နိုင်ငံတော်၏အကျိုး အတွက် နှစ်ရှည်ပင်စိုက်ကွက်များကို ဖိဖိစီးစီး ဇွဲရှိရှိ ဖော်ထုတ်သွားကြရမှာ ဖြစ်ကြောင်းဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်အစီအစဉ်များကို ဆက်စပ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကော်ဖီ ပင်နှင့် လိမ္မော်ပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ဗထူးတပ်နယ်၌ စိုက်ပျိုးထားသည့် သရက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဗထူး တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းက စိန်တစ်လုံးနှင့် ရင်ကွဲသရက်နမူနာများနှင့် သရက်ပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး အောင်မြင်ဖြစ်ထွန်းနေသည့် သရက်စိုက်ခင်း များကို ကြည့်ရှုစစ်ဆေးသည်။

ဗထူးတပ်နယ်တွင် ဗထူးတပ်နယ် မိသားစုများက စိန်တစ်လုံးနှင့် ရင်ကွဲ သရက် စုစုပေါင်း ၁၃၀၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၅-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၄၀)
၁၂း၁၅ ၅။ နဂါးရေလှောင်တမံ
၁၂း၃၀ ၆။ **"အဖြူရောင်မေတ္တာ"** (မင်းမော်ကွန်း၊ ရီဝေယံ၊ ဆုပိုပိုအောင်) (ဒါရိုက်တာ-အောင်မြင့်မြတ်)
၁၃း၄၅ ၇။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည် သာသနာ့ရိပ်သာ
၁၄း၀၀ ၈။ တေးဂီတအစီအစဉ်
၁၄း၁၅ ၉။ **"အန္တရာယ်ကင်းစေ ဘေးရှင်းစေ"** (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)
၁၄း၃၀ ၁၀။ ရွှေလောင်းတံတား
၁၄း၄၅ ၁၁။ International News
၁၅း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်
ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၂၅ ၇။ တေးဂီတအစီအစဉ်
၁၇း၄၀ ၈။ ကံတင်ဘီးလင်းရေလှောင်တမံ
၁၇း၅၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၁၀)
၁၉း၃၀ ၁၃။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉း၄၀ ၁၄။ တေးဂီတအစီအစဉ်
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ Calcio Series -A ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

တရားစခန်းများဖွင့်မည်

ရန်ကုန် မေ ၈

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဂိုအင်ဂါ၏ ဓမ္မဇောတိဝိပဿနာ ရိပ်သာတွင် မေ၆ရက်မှ ၁၇ရက်အထိ သံဃာတော်များအတွက် ၁၀ရက် တရားပတ်ဖွင့်မည်ဖြစ်သည်။ ၁၀ရက် တရားပတ်အနည်းဆုံး သုံးကြိမ်အားထုတ်ပြီးသော သံဃာတော်များအတွက် မဟာသတိပဋ္ဌာန်တရားပတ်ကို မေလ ၁၉ရက်မှ ၂၇ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ စုံစမ်းလိုပါက ဖုန်း-၅၄၉၂၉၀ နှင့် ၅၄၆၆၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

လူငယ်နှင့် ခုခံအားကျဆင်းရောဂါ

ဒေါက်တာ ခွန်စိုးမိုး

၂၀၀၃ခုနှစ် စာရင်းအရ ကမ္ဘာပေါ်တွင် လူဦးရေစုစုပေါင်း သန်း ၆၃၀၀ ရှိသည့်အနက် လူပေါင်း ၄၂ သန်းသည် ခုခံအားကျဆင်းရောဂါကို ခံစားရလျက်ရှိသည်။ လူတစ်ထောင်လျှင် ၆ ဒသမ ၇ယောက်နှုန်းရောဂါရှိသည်ဟု တွက်ဆ၍ ရသည်။ လူငယ်အရေအတွက် (၁၅နှစ်မှ ၂၄နှစ်အထိ) စုစုပေါင်း သန်း၁၀၀၀ ရှိပြီး ၁၁ဒသမ ၈သန်းသည် ရောဂါဖြစ်ပွားနေကြသည်။ လူငယ်တစ်ထောင်တွင် ၁၂ ယောက်နှုန်းခန့် ရောဂါရှိနေသည်ဟု အဖြေထွက်သည်။ လူငယ်ထုအတွင်း ရောဂါဖြစ်ပွားမှုနှုန်းသည် လူဦးရေစုစုပေါင်း ရောဂါဖြစ်ပွားမှုနှုန်း၏ နှစ်ဆနီးပါး ရှိနေကြောင်း တွေ့ရပေမည်။

နေ့စဉ် အသက် ၁၅နှစ်မှ ၂၄နှစ်အရွယ်ကြား လူငယ် ၆၀၀၀ခန့်သည် ခုခံအားကျဆင်းသည့်ရောဂါ ကူးစက်ခံရလျက်ရှိသည်။ တစ်နည်းအားဖြင့် ၁၅ စက္ကန့်လျှင် တစ်ယောက်နှုန်း ရောဂါကူးစက်ခံရသည်။ ထိုနှုန်းထားသည် နေ့စဉ် ရောဂါပိုး ကူးစက်ခံရသူစုစုပေါင်း၏ ထက်ဝက်ကျော်ဖြစ်သည်။ ခုခံအားကျဆင်းရောဂါ အပါအဝင် ကာလသားရောဂါ ဖြစ်ပွားမှုနှုန်းတွင် ပထမချိတ်သော အုပ်စုမှာ အသက်၁၅နှစ်မှ၁၉နှစ်ကြား အုပ်စုဖြစ်နေသည်။ ဤအသက်အရွယ်အုပ်စုသည် အနာဂတ်တိုင်းပြည်၏ အင်အားဖြစ်ခြင်းကြောင့် ထိုရောဂါရရှိသည့် လူငယ်တစ်ဦးတစ်ယောက်သာ အကျိုးဆုတ်ယုတ်သည် မဟုတ်ဘဲ ထိုလူငယ်၏မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် ကြီးစွာသော ဆုံးရှုံးမှုကိုဖြစ်စေသည်။ နောက်ဆုံး စည်းခြားထားခြင်းမရှိတော့သည့် ကမ္ဘာ့ရွာတွင် တစ်ကမ္ဘာလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေသည်။

ဤပြဿနာကို ကြီးထွားလာမှုမရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ခုခံအားကျဆင်းမှုဆိုင်ရာ အထူးအစည်းအဝေးကို ၂၀၀၁ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ရည်မှန်းချက်နှင့် နည်းဗျူဟာများ ချမှတ်ပေးခဲ့ကြသည်။ အချုပ်အားဖြင့်ဆိုရလျှင် ၂၀၀၅ခုနှစ်တွင် လူငယ်တွင်း ရောဂါဖြစ်ပွားမှု ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ရန်နှင့် လူငယ်ထု၏ ၉၀ရာခိုင်နှုန်းကို ကူးစက်မှုအန္တရာယ် လျှော့ချနိုင်ရေးအတွက် လိုအပ်သော ဗဟုသုတပညာပေးရန် ကျွမ်းကျင်မှုနှင့် စောင့်ရှောက်မှုများကို လူငယ်၊ မိဘ၊ မိသားစု၊ ပညာပေးသူများ(ဆရာများ)၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိစေရန်ဟူ၍ ချမှတ်လမ်းညွှန်မှု ပေးခဲ့သည်။

အာဖရိကတိုက်၏ လူကြီး ၇၀ ရာခိုင်နှုန်းနှင့် လူငယ် ၈၀ ရာခိုင်နှုန်းသည် ခုခံအားကျဆင်းမှု ကူးစက်ခြင်းခံရလျက်ရှိသည်။ စစ်မက်ဖြစ်ပွားခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းဆိုသည့် ကပ်ကြီးနှစ်ပါးနောက်တွင် ရောဂါကပ်ကြီး ဝင်ရောက်ခြင်းဖြင့် လူမျိုးတုံးမည့်သဘော သက်ရောက်လျက်ရှိသည်။ ယနေ့လက်ရှိအခြေအနေတွင် ကမ္ဘာပေါ်၌ အာဖရိကတိုက် တောင်ပိုင်းသည် ခုခံအားကျဆင်းမှုရောဂါ အများဆုံးဖြစ်ပွားရာဒေသဖြစ်သည်။ ဒုတိယအများဆုံး ရောဂါသည်ရှိသည့် နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး လူဦးရေ ၃ဒသမ ၅သန်းမှ ၅သန်းကြား ရောဂါရှင်ရှိမည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားသည်။

ဤကဲ့သို့ အာဖရိကနှင့် အိန္ဒိယနိုင်ငံတွင် ရောဂါရှင်များပြားခြင်းသည် အာဖရိကနှင့် အိန္ဒိယကိုသာ ထိုရောဂါက ဝါးမျိုသွားမည်မဟုတ်ဘဲ တဖြည်းဖြည်းနှင့် နီးစပ်ရာမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားနိုင်သည်ကို သတိမူကြရပေမည်။

အဘယ့်ကြောင့် လူငယ်များတွင် ဤရောဂါကူးစက်မှု များပြားနေရသည်ကို ဆန်းစစ်ကြည့်ရန်လိုလာသည်။ လူငယ်များသည် လွတ်လပ်မှုကို ကြိုက်နှစ်သက်ကြသည်။ လွတ်လပ်မှု၏ နောက်ကွယ်မှအန္တရာယ်ကိုမူ လူငယ်ပီပီ ကြိုမတွေးဘဲ အသစ်အသစ်များကို ရဲဝံ့စွန့်စား လုပ်ဆောင်ကြည့်ချင်ကြသည်။ လူကြီးများကလည်း လူငယ်များကို နည်းလမ်းကောင်းများ သွန်သင်ပြသခြင်း မရှိဘဲ ဆူပူခြင်း၊ အပြစ်တင်ခြင်း၊ အမိန့်ပေးခြင်းများဖြင့် လူငယ်တို့၏ လိုအပ်ချက်သဘာဝနှင့် မကိုက်ညီခြင်းကြောင့် လူငယ်များက လူကြီးများ မသိအောင် တိတ်တဆိတ် လုပ်တတ်ကြသည်။ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာကလည်း မိဘများသည် အရွယ်ရောက်စ သားသမီးများကို လိင်မှုဆိုင်ရာအမူအကျင့်များကို ပညာပေးရန်ဝေးစွ၊ ရှက်ဖွယ်အဖြစ် ဟန့်တားမှုပင် ပြုတတ်ကြသည်။ မည်သို့ပင်ဆိုစေ လူငယ်များတွင် ရောဂါဖြစ်ပွားမှု လျှော့ချရန်အတွက် ဖြစ်ပွားရခြင်း အကြောင်းအရင်းကို ဖြတ်တောက်ရမည်ဖြစ်ရာ အဓိကအားဖြင့် အောက်ပါအတိုင်း တွေ့ရသည်။

၁။ လူငယ်များတွင် ခုခံအားကျဆင်းမှုရောဂါဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှု နည်းပါးခြင်း

(က) ရောဂါအကြောင်း ကြားသိမှုနည်းပါးခြင်း၊ ကြားသိမှုရှိသော်လည်း တိတိကျကျမဟုတ်ဘဲ ကူးစက်နည်း၊ ကာကွယ်နည်းများကိုမသိခြင်း၊

(ခ) ရောဂါကူးစက်ခံရနိုင်မှု အန္တရာယ်ကို မဆန်းစစ်တတ်ဘဲ ဇွတ်တိုးဝင်ရောက်ခြင်း၊ လျစ်လျူရှုခြင်း၊

(ဂ) ကာကွယ်ရန် ကျွမ်းကျင်မှုမရှိခြင်း၊ ကာကွယ်နည်းကို စနစ်တကျ သိရှိမထားဘဲ အရေးကြုံသည့်အခါမှ လက်တွေ့ကျင့်သုံးခြင်း။

၂။ လူငယ်ထုအနေဖြင့် ခုခံအားကျဆင်းမှု ရောဂါဆိုင်ရာ ဗဟုသုတ အချက်အလက်နှင့် ဝန်ဆောင်မှုရရှိရန်ခက်ခဲခြင်း

(က) သတင်းအချက်အလက် ဝန်ဆောင်မှုပေးသူမရှိခြင်း၊

(ခ) ရှိသော်လည်း လုံခြုံမှု၊ လျှို့ဝှက်မှုစနစ်ကို ကြောက်၍မသုံးရဲခြင်း၊

(ဂ) လူငယ်များ မသိသင့်ဟု ယူဆကာ မိမိကိုယ်တိုင်လည်း အချက်အလက် သတင်းနှင့်ဝန်ဆောင်မှုမပေးသည့်အပြင် ပေးသူကိုလည်း ဟန့်တားပိတ်ပင်ခြင်း။

၃။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း လူမှုရေး၊ စီးပွားရေး၊ အခြေအနေအရပ်ရပ်က လူငယ်များ ရောဂါကူးစက်မှု အန္တရာယ်ပိုများစေခြင်း

ယခုစတင်၍ ခုခံအားကျဆင်းမှုရောဂါကို မဖြစ်သေးသူများ ကာကွယ်ရေးနှင့် လူနာများအား ပြုစုကူညီရေး လုပ်ဆောင်ရန် အရေးကြီးနေသည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်ဆေး၊ ကုသဆေးမရှိသေး၍ ဖြစ်သည်။ ထို့ပြင် ထိုရောဂါသည် လိင်ဆက်ဆံမှုမှ ကူးစက်ပြီး ရောဂါကူးခံရပြီးနောက် အချိန်အတော်ကြာသည်အထိ လက္ခဏာမပြခြင်းကြောင့် ရောဂါပိုးရှိမှန်းမသိမီ လူအများကို ကူးစက်ပြီး ဖြစ်နိုင်သည်။ အခြား အကြောင်းတစ်ရပ်မှာလည်း ပညာနှင့်စီးပွားရှာနိုင်သည့် နိုင်ငံ့အင်အားလူငယ်များတွင် အဖြစ်များနေခြင်းကြောင့် ကျန်းမာရေးကိစ္စ သီးခြားမဟုတ်ဘဲ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကိုပါ ထိခိုက်နိုင်သည်။ အရေးကြီးဆုံးအချက်မှာ လူတိုင်းကျန်းမာရေးအသိရှိခဲ့လျှင် ရောဂါမဖြစ်အောင် ကာကွယ်၍ ရနိုင်ခြင်းပင်ဖြစ်သည်။ လူနာများအပေါ် စိုးရိမ်စိတ်၊ ရွံရှာစိတ်၊ အပြစ်တင်လိုစိတ်များသည် ရောဂါပျံ့နှံ့ရန် တွန်းအားပေးတတ်သည်။ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံး လူနာများကို ရောဂါ ထပ်မံပြန့်ပွားမှုမရှိစေရန် ပြုစုစောင့်ရှောက်ခြင်း၊ ကူညီနားလည်ပေးခြင်းတို့ဖြင့် အကောင်အထည်ဖော်ရပေမည်။ ရောဂါကာကွယ်မှု လူတိုင်းရရှိရန်မှာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဥပဒေရေးအရ စဉ်းစားပြီး ဘက်စုံဆောင်ရွက်ရပေမည်။ လူတိုင်း ကျန်းမာရေးအသိရှိရန် ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ နည်းလမ်းတကျ အသိပေးခြင်းတို့ကို ပြုလုပ်ရပေမည်။ ဆောင်ရွက်မှုများ အောင်မြင်မှု ရှိ၊မရှိနှင့် အခြေအနေမှန်ကို သိရှိနိုင်ရန် စဉ်ဆက်မပြတ် သုတေသနနှင့် စာရင်းဇယားကို တိကျစွာ ထားရှိလုပ်ဆောင်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံရှိ လူငယ်ထုနှင့်အန္တရာယ်များသောအမူအကျင့်ရှိသည့်အုပ်စုများအတွက် ခုခံအားကျဆင်းရောဂါ ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးကို နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူငွေများဖြင့် ပူးပေါင်း၍ စီမံချက်ချ ဆောင်ရွက်လျက်ရှိသည်။ လုပ်ဆောင်ရာတွင် ပိုမိုကျယ်ပြန့်ထိရောက်မှု ရှိစေရန် ရည်ရွယ်၍ CARE မြန်မာ၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ Marie Stopes International Save the Children (UK) နှင့် World Vision တို့ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းမှ ဦးဆောင်ပြီး အတူလက်တွဲအကောင်အထည်ဖော်နေပြီဖြစ်သည်။

ဤစီမံချက်ကြောင့် အကျိုးကျေးဇူးရရှိမည့် လူများမှာ အသက်၁၃နှစ်မှ ၂၄နှစ်ကြား လူငယ်များ၊ အလုပ်အကိုင်နေရာအတည်တကျ မရှိသူများ၊ ရောဂါရရှိထားပြီးသူများနှင့် ၎င်းတို့၏ မိသားစုများ၊ ရောဂါကြောင့် မိဘမဲ့ဖြစ်ရသော ကလေးများဖြစ်သည်။ ဤလူများထဲတွင် သင်လည်း အကျုံးဝင်ခဲ့ပါလျှင် သင်သိလိုသမျှကို ဖြေကြားပေးနိုင်ရန် အနီးစပ်ဆုံး CARE မြန်မာအဖွဲ့ထံ ဆက်သွယ်စုံစမ်းနိုင်သည်။

CARE မြန်မာအဖွဲ့သည် ၁၉၉၆ခုနှစ် ဇွန်လတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ဦးတည်အုပ်စု အမျိုးမျိုးအတွက် ခုခံအားကျဆင်းရောဂါ စီမံချက်များကို အုပ်စုငယ်များနှင့် တစ်ဦးချင်းအလိုက် ဆွေးနွေးပညာပေးခြင်း၊ ပြခန်းပြသခြင်း၊ သင်တန်းပို့ချခြင်း၊ ပညာပေးဖျော်ဖြေမှုပြုခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ပြုစုကူညီခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ မိမိသဘောဆန္ဒအလျောက် ရောဂါပိုးရှိ မရှိ စစ်ဆေးလိုပါက လုံခြုံစိတ်ချစွာ စစ်ဆေးနိုင်ရန် ကျန်းမာရေးဌာနများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မစစ်ဆေးမီနှင့် စစ်ဆေးပြီးတွင်လည်း နှစ်သိမ့်ဆွေးနွေးမှု ပေးခြင်းတို့ကို လားရှိုး၊ မူဆယ်၊ မော်လမြိုင်နှင့် မုံရွာမြို့များတွင် ဆောင်ရွက်နေသည်။

မကြာမီက ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အာရှလုံးဆိုင်ရာ ခုခံအားကျဆင်းမှုရောဂါ အစည်းအဝေးတွင် အရေးကြီးသော အချက်နှစ်ခုကို ထုတ်ဖော်ပြခဲ့သည်။ကွန်ဒုံးကို ရာနှုန်းပြည့်အသုံးပြုခြင်းဖြင့် ပဋိသန္ဓေ တားဆီးခြင်းသာမက ခုခံအားကျဆင်းမှုရောဂါကိုပါ ကာကွယ်တားဆီးနိုင်သဖြင့် မျှော်လင့်သော လိင်မှုကိစ္စများတွင် ကွန်ဒုံးအသုံးပြုကြရန် တိုက်တွန်းထားသည်။ ဒုတိယအချက်အနေဖြင့် ကွန်ဒုံးကို လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရန် စီမံထားပေးရန်လိုသည်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရာတွင် အောင်မြင်မှု အနည်းငယ်သာရှိသည်။ ၎င်းတို့တွင် ရာနှုန်းပြည့် ကွန်ဒုံးသုံးစွဲခြင်း နည်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

အစီရင်ခံစာများအရ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ကွန်ဒုံးအသုံးပြုခြင်းစီမံချက်ကို အမျိုးသားရေးအသွင်ဖြင့် ချမှတ်လိုက်သဖြင့် ခုခံအားကျဆင်းမှုရောဂါ လူနာအသစ်ဖြစ်ပွားမှု ၈၀ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်။ အခြားလေ့လာမှုတစ်ခုတွင်မူ တရုတ်နိုင်ငံတွင် ကွန်ဒုံးအသုံးပြုမှု နည်းပါးခြင်းကြောင့် ရောဂါဖြစ်ပွားမှုနှုန်း တိုးပွားနေကြောင်း ဖော်ပြထားသည်။ အကယ်၍သာ ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုမှု စီမံချက်ကို အကောင်အထည် မဖော်ခဲ့လျှင် ၂၀၁၀ပြည့်နှစ်အရောက်၌ အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံတွင် ခုခံအားကျဆင်းမှုရောဂါသည်ပေါင်း သန်း ၃၀ခန့်ဖြစ်လာလိမ့်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခန့်မှန်းထားသည်။ ယနေ့လူငယ်များသည် အသိတရား လက်ကိုင်ထား၍ အပျော်အပါးလိင်မှုဆက်ဆံခြင်းကို ရှောင်ကြဉ်ကြရန်နှင့် မလွဲသာ၍ ဆက်ဆံမိသည့်အခါတိုင်း ကွန်ဒုံးကိုစနစ်တကျ သုံးစွဲတတ်ရန် သင်ကြားထားသင့်ကြောင်း အကြံပြုရပါသည်။

နိုင်ငံတော်၏အင်အား လူငယ်ထုကြား ခုခံအားကျဆင်းမှုရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရေးအတွက် အန္တရာယ်ကင်းသော လိင်မှုဆိုင်ရာ အမူအကျင့်များ တိုးမြှင့်လာရေး၊ ခုခံအားကျဆင်းရောဂါ ခံစားနေရသူများနှင့် ၎င်းတို့၏မိသားစုများအား ပြုစုကူညီရေး၊ နှိမ့်ချခွဲခြားမှုမပြုဘဲ ကူညီပံ့ပိုးသည့် ပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်လာအောင် တည်ဆောက်ရေးတို့ကို ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၊ အသိပညာရှင်(ကျောင်းဆရာ၊စာပေစာနယ်ဇင်းဆရာများ)အားလုံး မိမိတတ်နိုင်ရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

ဧပြီ ၂၉ရက်က မော်လမြိုင်ကျွန်းမြို့နယ် ထူတောကမြကျေးရွာ ရေးဟောင်းသမိုင်းဝင် ရွှေပြည်အေးစေတီတော် ပြန်လည်ပြုပြင်ရေးအတွက် ဦးနေဝင်းအောင်-ဒေါ်မော်ကြီး(လှိုင်ထွန်းပွဲရုံ) မိသားစုက အလှူငွေကျပ် ငါးသောင်းလှူဒါန်းရာ ဂေါပကအဖွဲ့ကိုယ်စား ရပ်ရှင်သရပ်ဆောင် ဦးကျော်သူက မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာ ဝေဇယန္တာဓမ္မဗိမာန်တွင် လက်ခံရယူစဉ်။ (က-ပ)

မေ ၁ရက်က သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် သာကေတမြို့နယ် ၇/အရှေ့နှင့် ၇/အနောက် ရပ်ကွက် ဆက်စပ်လျက်ရှိသော မင်္ဂလာသောက်ရေကန်ကြီးအား ပြန်လည်တူးဖော်ခြင်း၊ ကန်ပေါင်မြေများ ဖြည့်တင်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းမြင့်နှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

စာမျက်နှာ ၃ မှ

ဖတ်ကြားပူဇော်

ဆက်လက်၍ သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က ကျိုက်ထီးဆောင်း ဆံတော်ရှင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြသော ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနာဂိန္ဒနှင့် သီလရှင်ဆရာကြီး ဒေါ်ရူပသီဂီတို့အား ဂုဏ်ပြုပူဇော်သောအားဖြင့် နိုင်ငံတော် အဆိုကျော် ဒေါ်တင်တင်မြနှင့် ဒေါ်ထားတို့က မင်္ဂလာရတုပိုဒ်စုံတို့ဖြင့်လည်းကောင်း၊ မန္တလေးသိန်းဇော်က ဂုဏပူဇာတေးထပ်ဖြင့်လည်းကောင်း သီဆိုချီးကျူးပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တပညာဒီပက ရေစက်ချတရားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာ

မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ရေးဟောင်းသမိုင်းဝင် ရွှေဘုံသာ ဆံတော်ရှင်စေတီတော်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အစီအစဉ်ကို မွန်းတည့် ၁၂နာရီတွင် အဆိုပါ စေတီတော် အနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

အထွတ်သို့ပင့်ဆောင်

ထို့နောက် ရွှေဘုံသာ ဆံတော်ရှင်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်အား လှည့်လည်အပူဇော် ခံကာ စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က ဇယန္တော ဗောဓိ ယာမူလေ အစချီသော ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

စိန်ဖူးတော်တင်လှူ

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တ ပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ရွှေဘုံသာ ဆံတော်ရှင် စေတီတော်၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္ထနာပြု ဆုတောင်းသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည်စေတီတော် မော်ကွန်းကမ္ပည်းကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗန္ဒရသရက်ပင်နှင့် အင်ကြင်းပင်တို့ကို စိုက်ပျိုးပေးသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနာစိရံတိဋ္ဌတု သုံးကြိမ်ရွတ် ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရွှေတိဂုံပုံတူပွားစေတီ

ဆက်လက်၍ ရွှေတိဂုံပုံတူပွားစေတီ၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ပုံတူပွားစေတီ၊ ကျိုက်ထီးရိုးဆံတော်ရှင်ပုံတူပွားစေတီ၊ ကြက်မင်းတောင်စေတီနှင့်ဗားမဲ့ဆံတော်ရှင်စေတီစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲကို ဘီးလင်းမြို့နယ်ရှိ ကေလာသတောင်ရိုး၌ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံပုံတူပွားစေတီ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲအစီအစဉ်ကို အဆိုပါစေတီ၌ကျင်းပသည်။

အစီအစဉ်အရ သာသနာရေးဦးစီးဌာနမှဦးစံသင်းလှိုင်က ဇယန္တော ဗောဓိယာမူလေအစရှိသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော်ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ရွှေတိဂုံပုံတူပွားစေတီတော်အားငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့တင်လှူပူဇော်ကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ပတ္ထနာပြု ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျိုက်ထီးဆောင်းပုံတူများ

ထို့နောက် ကျိုက်ထီးဆောင်း ဆံတော်ရှင်ပုံတူပွား စေတီ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲကို ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ သာသနာရေးဦးစီးဌာနမှဦးစံသင်းလှိုင်က ဇယန္တော ဗောဓိယာမူလေအစရှိသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ကျိုက်ထီးဆောင်းဆံတော်ရှင် ပုံတူပွားစေတီတော်အား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ပတ္ထနာပြုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကျိုက်ထီးရိုးဆံတော်ရှင်ပုံတူပွားစေတီတော် ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲကို ကျင်းပသည်။

အစီအစဉ်အရ သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က ဇယန္တော ဗောဓိယာမူလေ အစရှိသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ငှက်မြတ်နားတော်တင်လှူ

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ကျိုက်ထီးရိုးဆံတော်ရှင်ပုံတူပွားစေတီတော်အား ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ပတ္ထနာပြုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကြက်မင်းတောင်စေတီတော် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူ ပူဇော်ပွဲကို ကျင်းပရာ ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က စေတီတော်ကို စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ဗားမဲ့ဆံတော်ရှင်စေတီတော်ကို စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ငှက်မြတ်နားနှင့် စိန်ဖူးတော် တင်လှူပူဇော်

ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်, မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေတိဂုံပုံတူပွားစေတီ၊ ကျိုက်ထီးဆောင်းဆံတော်ရှင် ပုံတူပွားစေတီ၊ ကျိုက်ထီးရိုးဆံတော်ရှင် ပုံတူပွားစေတီ၊ ကြက်မင်းတောင်စေတီနှင့် ဗားမဲ့ဆံတော်ရှင်စေတီ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲတွင် ဗားမဲ့ဆံတော်ရှင်စေတီတော်အား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

အင်ကြင်းပင်စိုက်ပျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်, မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေဘုံသာစေတီတော်၊ ကြက်မင်းတောင်စေတီတော်နှင့် ဗားမဲ့ဆံတော်ရှင်စေတီတော် ရွှေထီးတော်တင် အလှူတော်မင်္ဂလာရေစက်ချနှင့် ကျိုက်ထီးဆောင်းဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနား အပြီးတွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း မြို့နယ်လုံးဆိုင်ရာ ကိုးထပ်ကြီးဘုရားကြီး၏ (၁၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့တွင် အလှည့်ကျဂေါပကအဖွဲ့က ဦးဆောင်ကျင်းပစဉ်။ (၁၂၉)

ချင်းပြည်နယ် အိမ်တွင်းမှုလုပ်ငန်းပညာ သင်တန်းကျောင်းများ

သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ချင်းပြည်နယ် ဖလမ်းမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သဇင်ခန်းမ၌ကျင်းပရာ ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်တင့်နှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းဆင်း သင်တန်းသူများ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်တင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

အလားတူပင် တီးတိန်မြို့နယ်နှင့် မင်းတပ်၊ မတူပီဒေသ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများ၏ အခြေခံအိမ်တွင်းမှုသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားများကို သက်ဆိုင်ရာသင်တန်းကျောင်း အသီးသီး၌ ကျင်းပရာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ(၁၄)ပတ်ဖြစ်၍ အခြေခံစက်ချုပ်ပညာ၊ လက်မှုပညာ၊ သိုးမွေး စက်ဆွဲပညာရပ်နှင့် အစားအစာ ပြုလုပ်နည်းပညာရပ်များ သင်ကြားပေးပြီး သင်တန်းသူ ၂၀စီ တက်ရောက်အောင်မြင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

*** ကျောဖုံးမှ**

အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့်ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ကျောင်းဆောင်သစ်ဖွင့်လှစ်

အစီအစဉ်အရ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမျိုးညွန့်နှင့် ဇုတ်သုတ်စံပြကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းငွေတို့က ဖဲကြိုးဖြတ်၍ တပ်တော်ဦးဘိုးရဟန်းအခြေခံပညာ မူလတန်းကျောင်းကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုထူးချွန်ဒုတိယဆင့်ဦးမြင့်ရီက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်ညိုအား ပေးအပ်သည်။

ဆက်လက်၍ "နိုင်ငံတော်၏ပညာရေးဆောင်ပုဒ်ဖွင့်ပွဲ"ကို ကျင်းပသည်။

အစီအစဉ်အရ ထူးချွန်ကျောင်းသားကျောင်းသူများက ရွှေကြိုးဆွဲ၍ "နိုင်ငံတော်၏ပညာရေးဆောင်ပုဒ်"ကို ဖွင့်လှစ်ပေးကြသည်။

ထိုအချိန်တွင် ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ကမ္ဗည်းမော်ကွန်းဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ်ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်ပြီး ကမ္ဗည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် တည်ဆောက်လျက်ရှိသော ဘီးလင်းမြို့နယ် ငွေ့တန်းရှည်ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူတို့က လယ်မြေဧက ၁၂၀၀ အကျိုးပြုမည့် ငွေ့တန်းရှည်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဌာနဆိုင်ရာများတွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဘီးလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဘီးလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းဦးက မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုး စိုက်ပျိုးနိုင်မှု၊ ရော်ဘာနှင့် ကြံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးစသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တပ်တော်ဦးဘိုးရဟန်းအခြေခံပညာ မူလတန်းကျောင်းအတွက်ကွန်ပျူတာ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ငွေလှူဒါန်း

ယင်းနောက် ဇုတ်သုတ်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းပညာရေး ငွေပဒေသာပင်အတွက် ကျိုက်ထီးဆောင်းဆရာတော်က ငွေကျပ် ၁၁၀၀၀၀၀၊ ဇေကမ္ဘာ ဒေါက်တာခင်ရွှေ-ဒေါ်စန်းစန်းကြွယ်တို့က ငွေကျပ် ၃၀၀၀၀၀၀၊ ဦးသန်းဟန်-ဒေါ်ဝင်းဇော် တို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးကက်နက်ပီလေး၊ ဒေါ်သင်းသင်းထွေးတို့က ငွေကျပ် ၁၅၀၀၀၀၀၊ မန္တလေးသိန်းဇော်-ဒေါက်တာ ဒေါ်ချိုအေးဟန်တို့က ငွေကျပ် ၅၀၀၀၀၀၊ ဦးမြင့်သိန်း (ပြည့်ပြည့်ဗီဒီယို)-ဒေါ်ချိုချိုတို့က ငွေကျပ် ၅၀၀၀၀၀၊ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်)က ငွေကျပ် ၁၀၀၀၀၀၊ ဦးထွန်းငွေ၊ဦးကျော်ဝင်း၊ဦးကျော်မြင့်တို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးလှစိန်၊ ဦးခင်ဋ္ဌေး၊ ဦးခင်မြင့်တို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးရွှေခိုင်၊ ဦးတင်လှ၊ ဦးဖေကြီးတို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးအေးမျိုးမင်း၊ဒေါ်ကျင်မြင့်၊ဦးတင်ငွေတို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးငြိမ်းအောင်၊ ဦးထွန်းမြင့်၊ ဦးတင်သန်းတို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးကြူ၊ ဦးသန်းကိုတို့က ငွေကျပ် ၂၀၀၀၀၀၊ ဦးသန်းအောင်၊ ဦးဝင်းသိန်း၊ ဦးမဲညိုတို့က ငွေကျပ် ၁၅၀၀၀၀၊ ယုဇနဦးဋ္ဌေးမြင့်က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးဝင်းအောင် (ဒဂုန် အင်တာနေရှင်နယ်)က ငွေကျပ် ၁၀၀၀၀၀၀၊ အိုလံပစ်ဦးအိုက်ထွန်းကငွေကျပ် ၁၀၀၀၀၀၀၊ အာရှမောင်မောင်ကငွေကျပ် ၅၀၀၀၀၀၊ ရွှေကျားပုံကုမ္ပဏီ Dr.ဇော်ထွန်းက ငွေကျပ် ၅၀၀၀၀၀၊ ဦးတင်စိန် ယူနီဗာဆယ်ကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က လက်ခံကြသည်။

ပံ့ပိုးဖြည့်ဆည်းပေးရန်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့မိမိတို့အဖွဲ့ ဘီးလင်းမြို့နယ်ဖွံ့ဖြိုးရေးနှင့်ဒေသနေတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ပံ့ပိုးဖြည့်ဆည်းပေးရန်လာရောက်ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေ တိုင်းရင်းသားများ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပေးထားပြီး ဗဟိုအဆင့်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ကျေးလက်ဒေသများ၏ ပညာရေးနှင့်ကျန်းမာရေးအဆင့်တိုးမြှင့်လာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်စီးပွားရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေရရှိရေးတို့အတွက် လိုအပ်သည်များကို ပံ့ပိုးစီမံပေးလျက်ရှိနေကြောင်း။

မြို့နယ်ဌာနဆိုင်ရာများ အနေဖြင့် မိမိမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများလူနေမှုအဆင့်မြင့်မားရေးအတွက် မိမိတို့ဖြည့်ဆည်းပေးရမည့်အခြေအနေများကိုကျေးလက်များအထိကွင်းဆင်းလေ့လာပြီးဆောင်ရွက်ပေးဖွယ်ရာများကို စီမံဖြည့်ဆည်းပေးကြရန် မှာကြားလိုကြောင်း။

အလေးအနက်ထား

နိုင်ငံတော်က ကျေးလက်ဒေသများ၏စီးပွားရေးကို အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေးသီးနှံ ၁၀ မျိုးအထွက်တိုးရေးပန်းတိုင်စီမံချက်ချမှတ်ပေးထားပြီးဖြစ်ရာ မြို့နယ်စိုက်ပျိုးရေးတာဝန်ရှိသူများက စီမံချက်ပါရည်မှန်းချက်များ အမှန်အောင်မြင်စေရန် နည်းပညာပံ့ပိုးပေးခြင်း၊ အထွက်နှုန်းကောင်းသည့်မျိုးကောင်းမျိုးသန့်များ ရရှိအောင် ဆောင်ရွက်ပေးခြင်းစသည့် ပံ့ပိုးဖြည့်ဆည်းပေးဖွယ်ရာများကို အလေးအနက်ထား ဆောင်ရွက်ပေးသွားကြရမှာဖြစ်ကြောင်း။

တက်ညီလက်ညီ

မိမိတို့မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကော်မတီများဖွဲ့စည်းပေးထားပြီးဖြစ်၍မှန်ကန်သောဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့ဖြင့် တက်ညီလက်ညီ စုပေါင်းကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးသွားကြရမှာဖြစ်ကြောင်း။

မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း မြို့နယ်တိုင်းတွင် ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်း၊ လူမှုရေးအသင်းအဖွဲ့များ၏အားကိုရယူလျက် ပူးပေါင်းဆောင်ရွက်ရန် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ဘီးလင်းမြို့နယ် ဇုတ်သုတ် စံပြကျေးရွာအခြေခံပညာ အထက်တန်း ကျောင်းပညာရေး ငွေပဒေသာပင် အတွက်အလှူရှင်များ၏ လှူဒါန်းငွေများကိုလက်ခံစဉ်။
(သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်း လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြား

ရန်ကုန် မေ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ရုံးများ၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၀၄ ခုနှစ် ပထမလေးလပတ် အစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတက်ရောက်၍ အမှာစကားပြောကြားပြီး လုပ်ငန်းထူးချွန်ဆုများကို ချီးမြှင့်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထူးအရာရှိများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင်ရုံးခွဲတာဝန်ခံများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားပြီး လုပ်ငန်းထူးချွန်ဆုရရှိသည့် ရုံးဌာနများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်ရုံးခွဲတာဝန်ခံများက လုပ်ငန်းဆိုင်ရာ ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

9-5 (12).p65 1 03/25/1905, 11:38 PM

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အဖွဲ့ချုပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဆွမ်းဆက်ကပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ တရားသူကြီးချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်၊ ဒေါ်ခင်ခင်ဝင်း၊ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းနှင့် အမှုဆောင်များ၊ လုပ်ငန်းအထောက်အကူပြု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က မုခ်ဦးဆိုင်းဘုတ်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် **(အပေါ်ပုံ)**၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းသည်။

ထို့နောက် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက ဘင်ခရာ၊ ပန်းဖွားအကဖြင့် တီးမှုတ်သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခံယူဆောက်တည်

ဖွင့်ပွဲအခမ်းအနားအပြီး သံဃာတော်များအား ဆွမ်းဆက်ကပ်ပွဲကို ဆက်လက်ကျင်းပရာ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ရန်ကြီးအောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိသိဋ္ဌသိဒ္ဓိနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဆရာတော် ဘဒ္ဒန္တ ဝိသိဋ္ဌသိဒ္ဓိထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်တို့က မင်္ဂလသုတ်၊ မေတ္တာသုတ်နှင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တ ဝိသိဋ္ဌသိဒ္ဓိထံမှ အနုမောဒနာတရားနာယူကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာရုပ်သိမ်းလိုက်သည်။

ဆွမ်းဆက်ကပ်

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ထိုင်းကုန်စည်ပြပွဲ-၂၀၀၄ အောင်မြင်စွာပြီးစီး

ရန်ကုန် မေ ၈

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မှုအစီအစဉ်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ-၂၀၀၄ကို မေ ၅ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ပို့ကုန်မြှင့်တင်ရေးဌာနနှင့် ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကုမ္ပဏီပေါင်း ၁၄၀မှ ပြခန်းပေါင်း ၁၇၅ခန်းတို့ကို နေ့စဉ် နံနက်၁၀နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချခဲ့ရာ ယနေ့ညနေ ၆ နာရီတွင် အောင်မြင်စွာ ခင်းကျင်းပြသ ပြီးစီးသွားသည်။

ယင်းပြပွဲတွင် နေ့စဉ် ကားအပိုပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ကလေးကစားစရာများ၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ ဆံကေသာ အလှပစ္စည်းများ၊ အီလက်ထရွန်နစ် ပစ္စည်းများ၊ စားသောက်ကုန်များ၊ အဖျော်ယမကာ ပစ္စည်းများ၊ အဝတ်အထည်များ၊ ဖက်ရှင်သုံးအလှကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ သန့်ရှင်းရေးဝန်ဆောင်မှုပစ္စည်းများနှင့် ထိုင်းနိုင်ငံထွက် သစ်သီးဝလံ မျိုးစုံတို့ကို ခင်းကျင်း ပြသထားခြင်းစသည့် ပြခန်းများကို အများပြည်သူများ ဝယ်ယူအားပေးမှုမှာ အထူးစည်ကားများပြားလျက်ရှိသည်။ ၂၀၀၄ခုနှစ် အတွင်း ဒသမအကြိမ်၌ မြန်မာနိုင်ငံ ပြည်သူများ အသုံးများသည့် ပစ္စည်းများကို အထူးအစီအစဉ်တစ်ရပ် အနေဖြင့် တင်သွင်း ပြသရောင်းချသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မှု အစီအစဉ်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲကို နောက်ဆုံးနေ့အဖြစ် ပြသရောင်းချစဉ်။

(သတင်းစဉ်)

မင်္ဂလာဗျူဟာအသင်းချုပ် သင်တန်းများဖွင့်လှစ်

ရန်ကုန် မေ ၈

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၂၅)ကြိမ်မြောက် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် သင်တန်းများဖွင့်ပွဲကို မေ ၁၆ ရက်တွင် ဖွင့်လှစ်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆရာတော်ကြီးများနှင့် ဆရာများက သင်ကြားပို့ချမည်ဖြစ်ရာ မည်သူမဆို သင်တန်းတက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၈

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး ကော်မတီကကျင်းပမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင် ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀ အတွင်းပါရှိရမည်။ ပြိုင်ပွဲဝင် ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်းပါရှိရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စာလုံးရေ ၃၀၀ မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံ ဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ ဖွံ့ဖြိုးဝေစည်မြန်မာပြည်ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက် တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည် ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ မေလအတွက်

(၉-၅-၂၀၀၄)ရက်နေ့နှင့်

(၃၀-၅-၂၀၀၄)ရက်နေ့

၂၀၀၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၈

"ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏စိတ်ထားမှန်(Stop Discrimination)" ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့်လခြမ်းနီအသင်းများ၊ ဖက်ဒရေးရှင်းတို့မှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ၂၀၀၄ခုနှစ် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းကအဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးတွဲပေးပို့သည့် သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr.Patrick Vial ကဖတ်ကြားပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရပ်နားသည်။

ဆုများချီးမြှင့်

ယင်းနောက် ဒုတိယပိုင်း ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြိုင်ပွဲဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ ၂၀၀၄ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သူနာပြုစွမ်းရည်၊ စစ်ရေးပြနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်း၊ ပြိုင်ပွဲများတွင်ဆုရရှိကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူးနှင့် အမှုဆောင်ကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်၊ လခြမ်းနီအသင်းများ၊ ဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်နှင့်မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးတို့က အသီးသီးဆုများချီးမြှင့်ကြပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက စွမ်းရည်တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း (က) ကိုယ်စားပြု ကြက်ခြေနီတပ်ဖွဲ့၊ စစ်ရေးပြတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း(က)ကိုယ်စားပြု ကြက်ခြေနီတပ်ဖွဲ့နှင့် တံခွန်စိုက်အလံရရန်ကုန်တိုင်း(က) ကိုယ်စားပြုကြက်ခြေနီတပ်ဖွဲ့တို့အား တံခွန်စိုက်ဒိုင်းနှင့် တံခွန်စိုက်အလံတို့ကို ပေးအပ်ချီးမြှင့်ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မေ ၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် ၂၀၀၄ ခုနှစ် ကမ္ဘာ့ကြက်တောင်အားကစားအဖွဲ့ချုပ် အထွေထွေညီလာခံ အစည်းအဝေးသို့ တက်ရောက်မည့် မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ အတွင်းရေးမှူး ဦးရော်ဘင်တင်တို့အား မေ ၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

တိလောကမှန်ကူ သဃမ္ဘူရာပြည့်စေတီတော် ဥာပနာတော်သွင်းမင်္ဂလာကျင်းပ

ရန်ကုန် မေ ၈

လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် သဲဖြူမဟာအောင်မြေ (အရှုချင်းကျေးရွာ)ရှိ တိလောကမှန်ကူသဃမ္ဘူ ရာပြည့်စေတီတော်အား မူလဒါယကာ မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတရေ အဏ္ဏဝါ ဦးသန်းအောင်က ကြီးကြပ်လျက် ဉာဏ်တော်(၂၇)ပေ အမြင့်ရှိသော ရွှေတိဂုံပုံတူ စေတီတော်တစ်ဆူ ပြန်လည်တည်ဆောက်ခဲ့ပြီးစေတီတော် ဌာပနာတော်သွင်း မင်္ဂလာတော်ကို လွန်ခဲ့သော ကဆုန်လပြည့်နေ့တွင် ဆရာတော် ဦးသုစိတ္တ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု သဲဖြူ (ဗဟို) ကျောင်းဆရာတော် ဦးဓမ္မာနန္ဒ၊ မူလဒါယကာ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတရေ အဏ္ဏဝါဦးသန်းအောင်တို့ ဦးဆောင်လျက် ဌာပနာတော်သွင်း မင်္ဂလာကို ဆင်ယင်ကျင်းပကြောင်း သိရသည်။

လာမည့် နယုန်လပြည့်နေ့တွင် ရွှေထီးတော်တင်မင်္ဂလာကို အဏ္ဏဝါ နတ်ပန်းယာဉ်ဖြင့် တင်လှူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၈

ရန်ကုန်ဂေါက်ကွင်း(ဒညင်းကုန်း)တွင် ဦးစိန်လွင်သည် မေ ၇ ရက် ညနေ ၄ နာရီ ၄၅မိနစ်က ဂေါက်သီးရိုက် ကစားရာ ကျင်းအမှတ် ၁၅၊ ၁၈၅ ကိုက်အကွာမှ Tour Special (5) ဘောလုံးအား Callaway Iron (7)-X.12˚တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးမောင်မောင်မြင့်၊ ဦးနေဝင်းနှင့် ဦးအောင်ဟိန်းတို့လည်း အတူကစားခဲ့ကြကြောင်း သိရသည်။ **(က–ပ)**

အများသိစေရန်ကြေညာချက်

ကျွန်မ ဒေါ်အေးအေးသန်း ၁၂/ရကန(နိုင်)၀၂၆၃၈၄က ၁၂–၁–၂၀၀၄ ရက်နေ့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ဦးအေးမော် ၁၂/ရကန(နိုင်) ၀၂၅၇၉၁ အား ပေးထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၄/၀၄ကို လည်းကောင်း၊ ဦးစိုးဟိန်းအား ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၃/၀၄ကို လည်းကောင်း အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသန်း
ဝိုင်(၁)သုခဝတီ၊
ကမ္ဘာအေးဘုရားလမ်း၊
ရန်ကင်း။

Y.E.S.မှ အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English MAY -10, 17,24
Pre-Intermediate English MAY - 4, 17
Intermediate English & IELTS MAY-17,22
TOEFL & Basic Writing Course MAY-10,17
VEC,GFC,AWC,SAT (II)/AE,SAT(I) MAY-4
B.S.E ... Conversation Club ...
No.116, Y.W.C.A Building, Bogalayzay Street, Botataung TSP.
ဖုန်းနံပါတ် - 245821

အမြန်ရောင်းမည်
HAMADA STAR 900 CD-X /
Model No. 593
အမျိုးအစား ပုံနှိပ်စက်
အမြန်ရောင်းမည်။
ဆက်သွယ်ရန် – ဖုန်း– ၂၉၈၅၅၁

မြဝတီရုပ်မြင်သံကြား

၉–၅–၂၀၀၄
(တနင်္ဂနွေနေ့) နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **“သမ္မာဒိဋ္ဌိငါးမျိုး”**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Micro Business (အိမ်တွင်းစီးပွား)
၅:၁၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဝင်းပပလှသူလေးရယ်”** (အပိုင်း–၈)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင်”** **မိခင်သစ္စာ** (အပိုင်း–၄)

ထူးခြားသည့် နေ့အပူချိန်များ

(၈–၅–၂၀၀၄)

မုံရွာမြို့	၄၁ ဒီဂရီစင်တီဂရိတ်	(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦးမြို့	၄၁ ဒီဂရီစင်တီဂရိတ်	(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်မြို့	၃၂ ဒီဂရီစင်တီဂရိတ်	(၈၉ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)

မိုး
သတိပြုပါ

ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၈/D) (၁၆၄+၁၆၅)ပေါ်ရှိ သုံးခန်းတွဲ(ခြောက်ထပ်)၊ ကန်ထရိုက်တိုက်သစ် အမှတ်–၄၁/၄၃၊ ဝါးခယ်မလမ်းဟုခေါ်တွင်သောနေရာ၌ရှိသောတိုက်သစ်မှကန်ထရိုက်တာ ရရှိသော မြေညီထပ်(အလယ်)ယာဘက် အခန်းကို ကန်ထရိုက်တာ ဦးအေးမင်းမှ ရောင်းချမည်ဖြစ်ရာ အကျိုးသက်ဆိုင်ခွင့်ရှိသူများ တစ်စုံတစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးလှသိန်း အထက်တန်းရှေ့နေ (စဉ်–၅၆၂၂)
အမှတ် ၄၁/၄၃၊(သုံးလွှာ)၊ အလယ်၊
ဝါးခယ်မလမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ–၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၃၆

ဒေါ်ခင်သိန်းသိန်း .... လျှောက်ထားသူ
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ–ဒေါ်နွယ်နီစိုး)

ကွယ်လွန်သူ ဦးတင့်ဆွေ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၄၄၈)နေ ဒေါ်ခင်သိန်းသိန်းက ကွယ်လွန်သူ ဦးတင့်ဆွေ၏ တရားဝင် ဇနီးဖြစ်သည်ဟူ၍ အထက်ပါနေရပ်နေ ၎င်းကွယ်လွန်သူ ဦးတင့်ဆွေမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးတင့်ဆွေမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ ခုနှစ် မေလ ၁၉ ရက် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ခင်သိန်းသိန်း၏ လျှောက်ချက်ကိုကြားနာ၍ လက်မှတ်ရသင့်–မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် မေလ ၇ ရက် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ပိုက်ပိုက်အေး (တ/၁၅၈၆)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

တကောင်းမြို့ လေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်ရေး အလှူငွေပေးအပ်

ရန်ကုန် မေ ၈

မန္တလေးတိုင်း တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမဆောင်၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးထွန်းဇော်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ဝင်း၊ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးဌေးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်ဆရာတော် H.H.The 6th Jamseng Rinpoche Losang Choekye Peldenတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် စင်ကာပူနိုင်ငံ Gelugpa Buddhist Centre မှ ဆရာတော် H. E. The 6th Jamseng Rinpoche Losang Choekye Peldenက အလှူငွေ ဒေါ်လာ ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင် ဆရာတော်ထံ ပြန်လည် ဆက်ကပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးက လှူဒါန်းမှုအစုစုအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

မယ်နှင့်မောင်စာပေတိုက်မှ ဦးကျော်ဇေယျရေးသားသော သေသွားသည့်တိုင် စာအုပ်တန်ဖိုး တစ်သိန်းဖိုးရှိ အုပ်ရေ ၂၀၀ ကို နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ဦးကျော်ဇေယျ၊ ဇနီး ဒေါ်ခင်ပိုပိုတို့က ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအေးသန်းနှင့်အဖွဲ့က လက်ခံစဉ်။(က-ပ)

မွေးနေ့မင်္ဂလာနှင့် ဆင်ချောင်းသာလာ အေးရိပ်သာဇရပ် ရေစက်ချ

ရန်ကုန် မေ ၈

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဘဒ္ဒန္တကောသလ၏(၇၈)နှစ်မြောက် မွေးနေ့မင်္ဂလာနှင့် ဆင်ချောင်းသာလာ အေးရိပ်သာဇရပ်ရေစက်ချအခမ်းအနားကို ရေစကြိုမြို့နယ်၊ စည်သာစံပြကျေးရွာ ဥတ္တရာရာမ အသောကာရာမ ကျောင်းတိုက်တွင် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၄ ရက် နံနက်၈နာရီတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူကြသည်။

ထို့နောက် မြသိန်းတန်ဆရာတော် ဘဒ္ဒန္တ ကောသလ၏ အတ္ထုပ္ပတ္တိကို နံ့သာမြေမောင်ပြေသင်းက ရွတ်ဖတ်ပူဇော်ပြီး ပင့်သံဃာ၂၅ပါးတို့အား ဆရာတော်ကိုယ်စား ရေစကြို၊ ပခုက္ကူ၊ မကွေးတို့မှ စာရေးဆရာများ၊ တပည့်ဒါယကာ ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး သံဃာတော်များက မေတ္တာသုတ် ပရိတ်တော်များ ချီးမြှင့်ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

မြန်မာ့အခိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၈

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.Aတို့က ကြီးမှူး၍ Jade Land Myanmar Co.,Ltd. က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် Myintkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၅ရက်နံနက် ၆ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနား Northern Star ဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့်တီခုံအမှတ်(၁)၌ နေရာယူထားပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဗိုလ်မှူးချုပ်ဘိုကြည်(ငြိမ်း)၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်း၊ M.P.G.A°နှင့် M.G.F အမှုဆောင် ဦးကိုကိုလေးနှင့် Jade Land Myanmar Co., Ltd.မှChairman ဦးယုဇော်ခေါင်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီး Professional Golfers၌ ပြိုင်ပွဲတွင် ဇော်ဇော်လတ်(Pan-West) က ပင်ကိုလက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ ၆၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်ဆွေ(Wilson)က ၇၂ ချက်ဖြင့် ဒုတိယ၊ အောင်ဇော်မိုး(°Wilson)က ၇၃ ချက်ဖြင့် တတိယ၊ နန္ဒကျော် (Y.C.D.C)နှင့် မင်းနိုင်(Srixon) တို့က ၇၄ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ၇၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သန့်ဇင်ဦးနှင့် Derek Htet Doe တို့က ၇၃ ချက်စီဖြင့် ဒုတိယလိုက်ပြီး အောင်အောင်ကျော်က ၇၄ ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. ကလည်းကောင်း၊ Co-Sponsors အဖြစ် Myanmar Sithu Co.,Ltd. ကလည်းကောင်း၊ Myint Aung Co.,Ltd. ကလည်းကောင်း၊ May and°Mark°Co.,Ltd. ကလည်းကောင်း၊ Kaung Myat Co.,Ltd. ကလည်းကောင်း၊ Official Hotel အဖြစ် Punt Sun Hotel ကလည်းကောင်း အသီးသီး ထပ်မံ၍ ပံ့ပိုးကူညီကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များ ရှင်းလင်း

ရန်ကုန် မေ ၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဝန်ထမ်းများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဖြစ်ပေါ်လာပုံ၊ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များ၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းတာဝန်များ ရှင်းလင်းဟောပြောပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ဇနီး ဒေါ်မြင့်မြင့်အေး ဦးဆောင်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ်များနှင့်အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြိုင်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် ပါမောက္ခဒေါ်ခင်ဆွေမြင့်နှင့် ဒေါ်မြင့်မြင့်ရီတို့က နုတ်ခွန်းဆက်အမှာစကားနှင့် အဖွဲ့ချုပ်ဖြစ်ပေါ်လာပုံ၊ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စည်းရုံးရေးအဖွဲ့ဝင် ဒေါ်ဥမ္မာအောင်က အဖွဲ့ချုပ်လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင် ဒေါ်ခင်အုန်းမြင့် က အဖွဲ့ချုပ်၏ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြ ကြောင်း သတင်းရရှိ

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ် မေလ (၁၁) ရက်မှ (၁၃) ရက် ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း ရန်ကုန်မြို့

(၁၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

မြစ်ငယ် ဧပြီ ၂၁

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထားမြစ်ငယ် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ အထွေထွေ မန်နေဂျာ ဦးထွန်းဦး ဦးဆောင်၍ အသက် ၇၅နှစ်မှ အထက်အဘိုးအဘွားများအား (၁၁) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈နာရီက မြစ်ငယ်မီးရထားဇေတဝန်ဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး ပူဇော်ပွဲဖြစ်မြောက်ရေး နာယက အထွေထွေ မန်နေဂျာ ဦးထွန်းဦးက ပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပူဇော်ကန်တော့ရခြင်းအတွက် ရရှိလာနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြွရောက်လာကြသော အဘိုး ၃၀နှင့် အဘွား ၈၀ တို့ကို တစ်ဦးလျှင် ကျပ် ၅၀၀၀စီနှင့် ခေါက်ဆွဲခြောက်တစ်ထုပ်စီ အသီး သီး ပေးအပ်လှူဒါန်းကြသည်။**(၂၁၉)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ကကြီးမှူး၍ မေ ၄ ရက် နံနက်က လမ်းမတော်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ဓမ္မာရုံတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်ဒေါ်နွေးနွေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

မေ ၃ရက် နံနက်က တွံတေးမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ် စနေထောင့်ရှိ မဟာဗောဓိညောင်ပင်ရင်း၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြို့ပေါ် ရှစ်ရပ်ကွက်မှ ပြည်သူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများ ညောင်ရေသွန်းလောင်းကြစဉ်။ (၃၈၀)

ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်စေတီတော် အလယ်နှင့်အထက်ဌာပနာသွင်းအခမ်းအနားကျင်းပ

ပြည် မေ ၅

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ နဝင်းနယ်မြေ၊ ဖိုးခေါင်ရပ်ရှိ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ အလယ်ဌာပနာနှင့် အထက်ဌာပနာသွင်းလှူခြင်း မင်္ဂလာအခမ်းအနားကို မေ ၂ ရက် နံနက် ၈ နာရီက စေတီတော်မြတ်ကြီးအနီးရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသာသနာရေးမှူး ဦးဝင်းသိန်းက အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်မြို့ နိုင်ငံတော်သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌပြည်မြို့၊ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်သံဃာတော်များမှ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီပရဝဏ်အတွင်း ပက်ဖျန်းချည်နှောင်ပြီး အလယ်ဌာပနာပစ္စည်းနှင့် အထက်ဌာပနာပစ္စည်းများကို တာဝန်ရှိသူများနှင့်အလှူရှင်များက စေတီတော်ကြီးအား ရည်စူးလျက် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းရာ ဆရာတော်မှလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ သာသနာ့အလံကိုင်အဖွဲ့မှ ဦးဆောင်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်၍ အပူဇော်ခံယူပြီး မင်္ဂလာအချိန်တွင်အလယ်ဌာပနာနှင့် အထက်ဌာပနာတို့ကို သွင်းလှူပူဇော်ကြသည်။ **(၄၀၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

တာချီလိတ်မြို့တွင် ပရိတ်ရွတ်ပွဲနှင့်သက်ကြီးပူဇော်ပွဲကျင်းပ

တာချီလိတ် ဧပြီ ၂

တာချီလိတ်မြို့ မြို့နယ်ခန်းမရုံတွင် ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်က အန္တရာယ်ကင်းပရိတ်နှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တာချီလိတ်မြို့ နဂါးနှစ်ကောင်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသီရိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အမှူးပြု၍ ပင့်သံဃာတော်ကိုးပါးတို့က အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပြီး သက်ကြီးပူဇော်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ယင်းအခမ်းအနားသို့ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ အသင်းအဖွဲ့များ၊ သက်ကြီးရွယ်အို အဘိုး ၁၃ ဦး၊ အဘွား ၁၁ ဦးတို့တက်ရောက်ကြသည်။

အဘိုး အဘွားများကို ခြေသည်းလက်သည်းညှပ်ခြင်း၊ ခေါင်းလျှော်မင်္ဂလာ ပြုလုပ်ပြီးနောက် သက်ကြီးအဘိုးများကိုယ်စား တာလော့ရပ်ကွက်နေအဘိုး ဦးဆိုင်ကျော့နှင့် သက်ကြီးအဘွားတို့၏ကိုယ်စား ဝမ်ကောင်းရပ်ကွက်နေ အဘွားဒေါ်တင်မြတို့က ဆုမွန်များ ပြန်လည် ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ခုခံအားကျဆင်းမှုကူးစက်ရောဂါ ပညာပေးဆွေးနွေးပွဲ ပဲခူးမြို့ မြန်မာနိုင်ငံဆရာဝန်များ အသင်းခန်းမ၌ကျင်းပ

ပဲခူး မေ ၆

ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနက ကျင်းပသော ကျောင်းများတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါပညာပေးလုပ်ငန်းများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၉နာရီက ပဲခူးမြို့မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးချစ်မောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမောင်မောင်မြင့်၊ ကျန်းမာရေးဦးစီးဌာနကျောင်းကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်သက်ဇင်၊ ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်မှလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဥမ္မာစံတို့က အမှာစကားအသီးသီးပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့်ပညာရေးဌာနတို့မှ တာဝန်ရှိသူ ၅၆ ဦးတက်ရောက်ပြီး ဆွေးနွေးပွဲကို မေ၄ရက်မှ မေ၅ရက်အထိ ကျင်းပကြောင်း သိရသည်။ **(က-ပ)**

မင်းဘူးမြို့နယ်လုံးကျွတ် သောက်သုံးရေရရှိမှု ဆိုင်းဘုတ်တင်ပွဲကျင်းပ

မင်းဘူး မေ ၆

မကွေးတိုင်း မင်းဘူးမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မင်းဘူးမြို့ ပြည်သူ့ပန်းခြံရှေ့မြေကွက်လပ်တွင် မေ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းတာဝန်ကြီး ငါးရပ်မှ ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးစသည့် လုပ်ငန်းတာဝန်ကြီး နှစ်ရပ်ကို ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်က မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ကျေးရွာလူထုကိုယ်စား ဦးအောင်လွင်နှင့် ဦးစန်းမောင်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

မင်းဘူးမြို့နယ်တွင် ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ကျေးရွာပေါင်း ၁၄၈ရွာ၌ လက်နှိပ်ပန့် တွင်းတိမ် ၃၅၉ တွင်း၊ တွင်းနက် ၁၈၉တွင်း၊ လက်တူးတွင်း ၆၉၂ တွင်းနှင့် မိုးရေလှောင်ကန် အဆင့်မြှင့်ခြင်း ၆၇ ခု ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ အိမ်ခြေပေါင်း ၂၄၁၄၆ အိမ်၊ လူဦးရေ ၁၂၁၈၃၇ဦး သန့်ရှင်းသော သောက်သုံးရေရရှိနေပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

အောင်ဆုသိန်းသန်းတံတားသစ်ဖွင့်

လပွတ္တာ မေ ၅

လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ ပုညာရာမမှန်ကျောင်း ဆရာတော်ဘဒ္ဒန္တနာရဒအား အမှူးထား၍ ရန်ကုန်တိုင်း အလုံမြို့နယ်နေ ဦးမြင့်ဦး-ဒေါ်အုန်းကြင်၊ သား မောင်ကျော်စိုးဦး၊ မောင်မြင့်စိုးဦး၊ သမီးမယဉ်ယဉ်မြင့် အလှူရှင်မိသားစုတို့က ကျပ်သိန်းငါးဆယ်ဖြင့် ဘီတွတ်ရွာ အောင်ဆုသိန်းသန်း တံတားသစ် ရေစက်ချပွဲနှင့် ဖွင့်ပွဲကို မေ၃ရက်ကကျင်းပရာ ဘီတွတ်ရွာမ တံတားသစ်ကို ဆရာတော်ဘဒ္ဒန္တနာရဒ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် အလှူရှင်မိသားစုများက ဖွင့်လှစ်ပေးကြသည်။

(က-ပ)

အောင်လံမြို့တွင် မေတ္တာမွန် လူမှုကူညီရေးအသင်းဖွဲ့စည်း နိဗ္ဗာန်ယာဉ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၈

အောင်လံမြို့ မေတ္တာမွန်လူမှုကူညီရေးအသင်း ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ နိဗ္ဗာန်ယာဉ်နှင့် အလှူငွေပေးအပ်ပွဲကို မေ ၂ရက် မေတ္တာမွန်လူမှုကူညီရေးအသင်းခန်းမ၌ကျင်းပရာ ဩဝါဒါစရိယ ဆရာတော် ခုနစ်ပါး၊ နာယက ၂၂ဦး၊ ဥက္ကဋ္ဌ ဦးဝင်းမောင်ကြည်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးစိုးပိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဖြူဝင်း၊ အတွင်းရေးမှူး ဦးတိုးလုံတို့ပါဝင်သောကြီးကြပ်မှုကော်မတီအဖွဲ့ဝင်၂၃ဦးတို့ဖြင့် ဖွဲ့စည်းကြသည်။

ရွှေပေါက်ကံမြို့ ကွပ်ကဲမှုရုံး၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၃၈၂ဦးတို့အား မြို့နယ်ဦးစီးမှူး ဦးလှိုင်ဌွေးက ရွှေပေါက်ကံမြို့သစ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးမင်းဇော်ထံသို့ ဧပြီ ၂၇ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်စဉ်။

(က-ပ)

အောင်လံမြို့ မေတ္တာမွန် လူမှုကူညီရေးအသင်းသို့ ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေ၊ သမီးမရွှေရည်ရွှန်းမြတ်၊ သား မောင်ခန့်ပိုင်စိုး (Paing Family Trading) ရန်ကုန်မြို့မှ နိဗ္ဗာန်ယာဉ်တစ်စီး လှူဒါန်းပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် နာရေးကူညီမှုအသင်း (ရန်ကုန်)၊ ဒုတိယဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးကျော်သူတို့က လက်ခံရယူသည်။ **(ဝဲပုံ)**

ဆက်လက်၍ အလှူငွေများကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်၊ နာရေးကူညီမှုအသင်းဥက္ကဋ္ဌနှင့် မြို့မိမြို့ဖတို့က လက်ခံရယူ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။ **(က-ပ)**



၁၉၆၈-၆၉-၇၀ခုနှစ် ဘွဲ့ရ ဘူမိဗေဒကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ (စတုတ္ထအကြိမ်)

ကျင်းပမည့်နေ့ – ၂၉-၅-၂၀၀၄(နယုန်လဆန်း ၁၁ရက်) စနေနေ့
ကျင်းပမည့်အချိန် – နံနက် ၁၀း၀၀နာရီ
ကျင်းပမည့်နေရာ – မဟာသန္တိသုခကျောင်းတော်ကြီး၊ နတ်ချောင်း၊ တာမွေမြို့နယ်

* အပေါင်းအသင်းရောင်းရင်းများအားလုံးကို ဖိတ်ကြားပါသည်။
* နှစ်ပေါင်း ၃၅ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည့် သိက္ခာမ်းခင်မင်မှုကို ပြန်လည်ဆန်းသစ်ရင်း ဆရာ ဆရာမများကို ဂါရဝပြုကြရန်။
* စေတနာထက်သန်၍ ကုသိုလ်ပါဝင်လိုသူများ အောက်ဖော်ပြပါ သူငယ်ချင်းများထံ ထည့်ဝင်လှူဒါန်းကြပါ။

(၁) ဦးမြင့်ဝေ(၁၉၆၈) ဖုန်း-၆၄၁၁၉၂၊၆၄၁၉၅၀(အိမ်)
(၂) ဦးတင့်နောင် (၁၉၆၉) ဖုန်း-၂၂၅၅၆၉(ရုံး)၊၂၂၅၀၄၄(အိမ်)
(၃) ဦးတင်ကျော်သန်း (၁၉၇၀)ဖုန်း-၀၉-၅၀-၀၂၅၈၁၊၅၃၆၀၁၉(အိမ်)
(၄) ဦးခိုင်ရှင်း (၁၉၆၈) ဖုန်း-၂၉၉၃၇၂(ရုံး)
(၅) ဦးသိန်းဝင်း (၁၉၆၉) ဖုန်း- ၅၈၀၆၂၅(အိမ်)၊ ၆၁၀၈၀၀(ရုံး)
(၆) ဦးမျိုးမြတ် (၁၉၇၀) ဖုန်း- ၅၁၁၇၇၃(အိမ်)

အလှူငွေထည့်စဉ် မိမိဆက်သွယ်ရန်လိပ်စာ ဖုန်း၊ E-mailနှင့် ဓာတ်ပုံတစ်ပုံ ပေးပို့ပါရန်။ (သီးခြားဖိတ်စာမပို့ပါ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပေါင်မြို့နယ် အလုပ်ရွာနေ ဦးချစ်လှိုင် ၁၀/ပမန(နိုင်)၀၅၅၇၈၃-(ဒေါ်တင်စိန်)တို့၏ သားဖြစ်သူ မောင်ရွှေသိန်း(ခ)သားသား ၁၂/သလန(နိုင်) ၀၂၈၂၅၇ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်-ဦးချစ်လှိုင် ၁၀/ပမန(နိုင်)၀၅၅၇၈၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၆

ဦးဉာဏ်ရှင် နှင့် ၁။ ဦးစိုးတင့်
၂။ ဒေါ်စန်းမြင့်
တရားလို **တရားပြိုင်**

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် တောကြီးကျေးရွာနေ ဦးစိုးတင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ကုန်ပစ္စည်းများပို့ပေးရန် ယူသွားသည့် ငွေကျပ် ၈၀၀၀၀၀ တိတိပေးအပ်စေရန် သို့မဟုတ် ၎င်းပိုင်နေအိမ်အား လက်ရောက်ပေးအပ်စေရန်နှင့် အရပ်ရပ်နစ်နာကြေးပေးဆပ်စေရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မေလ ၂၅ ရက် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၇ ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ချေပရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ပို့အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဧပြီလ ၃၀ ရက်၌ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အေးအေးသိန်း
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး။

အများသိစေရန်အသိပေးကြေညာခြင်း

တာချီလိတ်မြို့နယ်၊ ပုန်းထွန်ရပ်၊ ခရေလမ်း အိမ်အမှတ် ၇/၁၈ နေ ဒေါ်နန်းသီတာပြုံး ၁၃/တလခ(နိုင်) ၀၃၀၃၃၀ မှ အမည်ပေါက် ပိုင်ဆိုင်နေထိုင်လျက်ရှိသော တာချီလိတ်မြို့ ပုန်းထွန်ရပ်၊ အကွက်အမှတ် ၅၊ ဦးပိုင်အမှတ် ၃၉(က/၁) ၁၉၇၅ဒသမ ၇၆ ဧရိယာ၊ ၀ ဒသမ ၁၄၇ ဧက (၆၄၀၃ စတုရန်းပေ)ရှိ မြေကွက်နှင့်စပ်လျဉ်း၍ မြေဂရန်မူရင်း ပျောက်ဆုံးသဖြင့် မြေဂရန်မိတ္တူမှန်လျှောက်ထားမည်ဖြစ်ရာ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာသည့်နေ့မှ ၁၅ရက်အတွင်း တာချီလိတ်မြို့နယ်၊မြေစာရင်းဦးစီးဌာနတွင် ကန့်ကွက်လွှာနှင့် အထောက်အထား စာရွက်စာတမ်းပူးတွဲတင်ပြကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းသီတာပြုံး၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထိန်(တရားရုံးချုပ်ရှေ့နေ)
B.A,H.G.P.R.,L, D.B.L, D.M.L
အမှတ် ၅၈/၃
အဝေရာလမ်း၊မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

မှုံရွှေရည် ဒေါ်စောရီ (ပဲခူးမြို့) အသက်(၇၃)နှစ်

ပဲခူးမြို့ ဥဿာမြို့သစ်၊ ၁၄ရပ်ကွက်၊ ရန်ကုန်လမ်း၊ အမှတ် ၄၃၅၊ မှုံရွှေရည်ခြံနေ (ဦးသာခင်-ဒေါ်သန်းရင်) တို့၏ သမီး မှုံရွှေရည် (ဦးကျော်အေး)၏ဇနီး၊ Mr Andrew Webbert မသိန်းသန်းဝင်း B.Sc(Bot;)၊ မောင်ကျော်ဇေယျ B.Sc(Zoo)၊ မောင်ကျော်နေလ B.Sc (Bot;) Q၊ (မောင်ကျော်ဝဏ္ဏ) B.A (Hist)၊ မနန်းဦးလှိုင် B.C.Sc(Hons:)၊ မောင်ဇာနည်ဦး Final Year(Eng:)၊ မောင်ကျော်ငြိမ်းချမ်းလှိုင် B.A(Geo:) Dip:C.S၊ မောင်ကျော်သီဟ 1st Year (Chem:)၊ မောင်နေလုနောင် B.Sc (Phy)၊မသဇင်ထက် 4th Year(B.D.S)၊ မရွှေရည်သဲလှိုင် 2nd Year (Eco)၊ မောင်ဖြိုးဝေဇော်-မေကဗျာFinal Year (Eco)၊ မောင်ကျော်ဇောဟိန်း D.S.A (Final Year)၊ မောင်ကျော်စွာ လှိုင် 2nd Year(Hist:)၊ မောင်အောင် ဇေယျ 1st Year(Chem:)၊ မရွှေရည် မြတ်မွန်၊ မနေရည်ထက်၊ မဖြိုးစန္ဒီထွန်း၊ မောင်မိုးသူရိန်ထွန်း၊ မမိုးပွင့်ဖြူတို့၏ အဘွား၊ဂိုးဂိုး၏ ဘွားဘွားကြီးသည် ၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါသဖြင့် ယင်းနေ့မှာပင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမြေးများ။**

(၃၃)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

(၉-၅-၇၁) - (၉-၅-၂၀၀၄)

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ချစ်ပါပါး ဦးတင့်လွင်နှင့် ချစ်မာမား ဒေါ်ကြူကြူသင်းတို့၏ မင်္ဂလာနှစ်ပတ်လည်မှ နောင်နှစ် ၁၀၀ တိုင် ချစ်သား၊ ချစ်သမီး၊ ချစ်မြေးတို့နှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် ချမ်းမြေ့ပျော်ရွှင်သော ဘဝခရီးလမ်းကို အတူလျှောက်လှမ်း၍ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒမွန်ဖြင့် ဆုမွန်ကောင်းတောင်းလျက်။

သမီး - စုစုစံ-ကိုမြင့်ဆွေ
မြေး - ထက်အောင်ကျော်၊သွန်းဟေသာဟန်
သမီး - ထက်ထက်ဝင်း-ကိုခိုင်လွင်
မြေး - သီဟအောင်၊စံသွေးညီ
သား - ကျော်ရဲသူ၊ဖြိုးထက်အောင်

ကျေးဇူးတင်ရှိခြင်း

၁၈-၄--၂၀၀၄ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားခဲ့သော ဦးသန်းနိုင် (ပါမောက္ခ၊ ဌာနမှူး၊ ဘူမိဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၏ ၂၀-၄-၂၀၀၄ ရက်တွင်ပြုလုပ်ခဲ့သော ဈာပနတွင် အဘက်ဘက်မှကူညီကြသော ပါမောက္ခချုပ်၊ ဒုပါမောက္ခများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ဝေးမှ ဆက်သွယ်မျှဝေခံစားပေးသော မိတ်ဆွေများ၊ ဘူမိဗေဒမိသားစုနှင့် တက္ကသိုလ်ဆေးရုံမှ တာဝန်ရှိ ဆရာဝန်များကို ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းအောင် (လ/ထ အင်ဂျင်နီယာ၊ အော်တို၊ တောင်တွင်းကြီးမြို့)
အသက်(၅၁)နှစ်

ရခိုင်ပြည်နယ် သံတွဲမြို့နေ ဦးပန်းဒိုးအောင်၊ ဒေါ်သန်းတင်တို့၏သား၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက် သင်တန်းကျောင်းဝင်းနေ ဒေါ်မြငွေ(ဗဟိုကြေးနန်းကြီး)၏ခင်ပွန်း၊မအိအိမွန်၊မောင်ရဲပိုင်ဦးတို့၏ဖခင် ဦးသန်းအောင်(လ/ထအင်ဂျင်နီယာ၊ မကွေးတိုင်း၊ တောင်တွင်းကြီးမြို့၊ အော်တိုအိတ်ချိန်းတာဝန်ခံ)သည် ၃-၅- ၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အော်တိုအိတ်ချိန်းမိသားစု၊ တောင်တွင်းကြီးမြို့။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ချုပ်ကိုကို-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ ညီမ ဒေါ်စဝ်ဆောင်းခွန်ဆမ် (ခ)မဆောင်းသည် ၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်၊ လက်ထောက်ဆေးရုံအုပ်၊
အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ
တောင်ငူ အထွေထွေရောဂါကုဆေးရုံကြီး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဏ/၆၇၂၀၊ ယ/ ၅၂၉၄၄ မော်တော်ယာဉ်လက်ဝယ်ရှိသူများမှ (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ခရိုင်ရုံး(မြိတ်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန(ခရိုင်ရုံး)
မြိတ်၊ တနင်္သာရီတိုင်း။

ဝမ်းနည်းကြေကွဲခြင်း

ဦးရှောင်
အသက်(၉၄)နှစ်

ဦးခင်မောင်လွင်-ဒေါ်မြင့်မြင့်မိုး (အိကြာ) တို့၏ ဖခင်ကြီးသည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

1985-87 BATCH (I.F.L)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမောင်မြင့်-ဒေါ်ကြင်ဥတို့၏သား
မောင်မျိုးထွန်းဦး နှင့်
ဘိုကလေးမြို့နေ ဦးစိုးမြင့်-ဒေါ်မြမြဝင်းတို့၏သမီး
မတင်နီလာစိုး Final Yr (Pharmacy)
တို့သည် ၄-၅-၂၀၀၄ ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။
မောင်မျိုးထွန်းဦး-မတင်နီလာစိုး။

'စေ'တစ်လုံးဆေးတိုက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့မှ ဆရာထွန်းနှင့်သမီး
ဒေါ်စမ်းစမ်းအေး(တဆ-၀၃၈၂၈)တို့မှ
အောက်ပါရောဂါများကို ကုသပေးနေပါသည်။

ဂရင်ဂျီနာ၊ အနာပဆုပ်၊ မီးယပ်အမျိုးမျိုး၊ ထုံနာကျဉ်နာ၊ လေးဖက်နာ၊ ချောင်းဆိုး၊ ပန်းနာရင်ကျပ်၊မျက်စိရောဂါ၊သွေးတိုး၊ သွက်ချာပါဒ၊ လေငန်းရောဂါ၊ နှလုံးတုန်ရင်ခုန်၊ မူးဝေမောပန်း၊ အသက်ရှူမဝ၊ အိပ်မပျော်သောရောဂါ၊ သွေးဝမ်းကျရောဂါ၊ သူငယ်နာ၊ အမျိုးသားများတွင် ဖြစ်တတ်သော အူကျရောဂါ၊ လိပ်ခေါင်းရောဂါအမျိုးမျိုးတို့နှင့် အမျိုးသမီး ရင်သားကင်ဆာ အကျိတ်နှင့် အကျိတ်အမျိုးမျိုးတို့ကို မခွဲမဖြတ် ကုသပေးနေပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ
(ဥပုသ်နေ့တိုင်းပိတ်သည်။)

အမှတ် ၁၉၊ (မြေညီထပ်)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊တာမွေ၊ရန်ကုန်မြို့
ဖုန်း-၀၉-၈၀-၂၃၅၂၄၊ ၀၉-၅၀၀-၇၉၆၃

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ အိမ်အမှတ် ၃၂၊ မင်္ဂလာလမ်းနေ ကျွန်မ ဒေါ်စန်းရီ၏သမီး မလှလှရီ ၁၃/တကန (နိုင်) ၀၀၄၈၂၇ သည် မိခင်ဆိုဆုံးမမှုကို မနာခံသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို တာဝန်မယူပါ။

မိခင် ဒေါ်စန်းရီ
ကံသာရပ်၊ တောင်ကြီးမြို့။

အမည်ပြောင်း

ဦးတင်မြင့်(ခ)ဦးလီရှန်-ဒေါ်အေးတုံ(ခ)ဒေါ်သန်းသန်းမြင့်တို့၏သား အထက(၆) တောင်ကြီး သတ္တမတန်း (A)မှ မောင်ကျားချစ် (ခ)ကျော်သိန်းအောင်အား မောင်ကျော်သိန်းအောင်ဟုလည်းကောင်း၊ စတုတ္ထတန်းမှ ကျော်သိန်းနိုင်(ခ) မျိုးမင်းပိုင်အား မောင်မျိုးမင်းပိုင်ဟု လည်းကောင်း ခေါ်ပါရန်။ **မောင်ကျော်သိန်းအောင်**
မောင်မျိုးမင်းပိုင်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ် (မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ် (မြင်းခြံ) အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ် (မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ် (မြင်းခြံ) အသက် (၇၉)နှစ်သည် ၆-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ် (မြင်းခြံ)
အသက် (၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ် အသက် (၇၉)နှစ်သည် ၆-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းမိသားစုများအားလုံးက ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကင်းပညာရေးကောလိပ် ပညာရေးမိသားစု။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့ ၁၃၃(A)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းနေ ဦးဗိုလ်နီ-ဒေါ်ကြည်ကြည်တို့၏သား၊ ဦးမြင့်တိုး-ဒေါ်နွဲ့နွဲ့ဝင်းတို့၏မောင်၊ ဒေါက်တာဇော်ဝင်းနီ၏ညီ၊ ဒေါ်သန်းကြည်၏ တူ ဦးကျော်ဝင်းနီသည် ၆-၅-၂၀၀၄ရက် နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်ပြီး ယင်းနေ့ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ကွယ်လွန်သူ၏ဆန္ဒအရ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ဦးကျော်ဝင်းနီ နာမကျန်းစဉ် ပြုစုကုသပေးသော ဆရာဝန် ဆရာမများအားလည်းကောင်း၊ ကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါသည်။

၁၂-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

အဖ ဦးအောင်စန်းဦး နိုင်ငံသားစိစစ်ရေးကတ် ၈/ပမန(နိုင်)၀၃၇၆၅၂ ၏သား သတ္တမတန်း အထက(၂)ပခုက္ကူတွင် ပညာသင်ကြားနေသော မောင်ဟိန်းမိုးစက်အား မောင်အောင်ငြိမ်းချမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ငြိမ်းချမ်း။**

ဦးသန်းထွန်း

ရဲအရာခံဗိုလ်(ငြိမ်း)
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ အမှတ်၁၅၉၊ အနော်ရထာလမ်းနေ [ဦးစံလင်း(ခ)ဦးညီညီ]-ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ခင်ခင်တို့၏သား၊ ဒေါ်တင်လေး၏ခင်ပွန်း၊ မငွေငွေဝင်းထွန်း၊ မောင်နေဝင်းဦး၊ မောင်နေဝင်းထွန်း၊ မောင်သန့်စင်ထွန်း၊ မောင်မိုးဇော်ထွန်း၊ မောင်စိုးမင်းမင်းထွန်း၊ မနန်းဇင်မာထွန်း (မြန်မာ့လက်ရွေးစင်-သေနတ်ပစ်)တို့၏ ဖခင်သည် ၃-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၀၄ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစိန်လှအောင် (ရမ်းဗြဲမြို့) အသက်(၇၉)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ အမှတ် ၂ ရပ်ကွက်၊ ရွှေတုံးရပ်နေ ဒေါ်စိန်ပုမေ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ တ/ဥက္ကလာပမြို့နယ်၊၇ရပ်ကွက်၊၂၃လမ်း၊ အိမ်အမှတ် ၄၃၄ နေ ဒေါ်အုန်းကြိုင် (မြို့နယ်ကျန်းမာရေး-တ/ဥ)၊ ဒေါ်အုန်းကြည်-ဦးတင်ညွန့်၊ ဒေါ်အုန်းရီ-ဦးကျော်လွင်၊ ဒေါ်လှမေ-ဦးစံမင်း၊ ဒေါ်လှယဉ်ကျေး-ဦးငွေလှိုင်၊ ဦးယဉ်ကျေး၊ (မလှယဉ်ထွေး)-ဦးစောအောင်နိုင်၊ မောင်ယဉ်ထွေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၆-၅-၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ခရစ်တော်၌ အိပ်ပျော်ခြင်း

Tg.Cin Lian Kim
အသက် (၃)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်ကွက် အမှတ် ၂၄၂နေ (Pu Gin Go Thang) – Pi Dim Go Lianတို့၏မြေး၊ Pa Nang Lian Kham (Zoheisa စပျစ်ဝိုင်လုပ်ငန်း)– Nu Cing Ngaih Vung တို့၏ တတိယမြောက် သား၊ Tg. Thang Sian Nung၊Lia Lian Zun Cing တို့၏ ညီ/မောင်၊ Tg Kam Sian Mun Khai ၏ အစ်ကို၊ ဆရာမ Ngai Dim Niang–ဆရာPau Lian Mang၊ ဆရာPau Suan Kam (TTC,တီးတိန်)–ဆရာမ Dim Lam Vung (CMBC မူကြို)၊ Pa Zam Sian Dal (Zoheisa)-Nu Man Huai Lun၊ဆရာNang Sawm Piang(TCC, Yangon)၊ Tg. Mung Hau Thawn၊ Tg. Lian Sawm sing၊ Lia Vung San Nuamတို့၏တူဖြစ်သူသည်၅-၅-၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၇-၅-၂၀၀၄ ရက်တွင် တီးတိန်မြို့ မြို့မခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်နေ အဖ ဦးခင်မောင်ရင်၏သား မောင်ညီညီရင် ၁၂/ရကန(နိုင်)၀၀၃၄၆၉ နှင့် အဖ ဦးလှမြင့်၏သမီး မမီမီမြင့် ၁၂/ရကန(နိုင်)၀၆၂၁၁၂တို့သည် စိတ်သဘောထားခြင်းမတိုက်ဆိုင်သော ကြောင့် ၁၀-၄-၂၀၀၃ ရက်မှစ၍ အတူတကွပေါင်းသင်းနေထိုင်ခဲ့ခြင်းမရှိပါ။ ယခုကြေညာသည့်နေ့မှစ၍ တရားဝင်ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ညီညီရင်။

ဝမ်းနည်းကြေကွဲခြင်း
ဦးချစ်ညွှာ(ခ)ကွာအင်ကျွမ်း (မန္တလေး)
အသက် (၇၄)နှစ်

မန္တလေးမြို့ အမှတ် ၈၄-၁၉လမ်းနှင့် ၆၂လမ်းထောင့် နန်းရှေ့နေ ဒေါ်ခင်စုဝင်း၏ချစ်လှစွာသော ခင်ပွန်းသည် ၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်စိန်မေ၊ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်မောင်
ဦးမောင်ဖေ-ဒေါ်လှမေမြင့်(မိသားစု)
မိဘမေတ္တာခြံ၊ အမှတ် ၁၃၊ ယိုးဒယားလမ်း၊
ကိုးမိုင်၊ မရမ်းကုန်း၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောကြင်(မိုးမိတ်)၊ အသက်(၈၂)နှစ်

JICAမြန်မာရုံးမှProgramme Officer ဦးတင်ဝင်း၏မိခင်၁-၅-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဦးတင်ဝင်း၊ Dr.ဒေါ်နုနုရီမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲ ရပါကြောင်း။

Mr. Takahiro Sasaki နှင့်ဂျပန်မြန်မာဝန်ထမ်းများ

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမ
ဒေါ်ဝင်းစိန်(ခ)ဒေါ်ဖူရီဂျန်ဘီ
ရန်ကုန်မြို့
(ခါလာကြီးကားပစ္စည်းဆိုင်၊ဘုရင့်နောင်ဈေး)
အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ဖို့မြေရပ်ကွက်၊ အမှတ် ၉၁၊ ၁၀၁ လမ်းနေ ဟာဂျီဦးတင်သိန်း၏ဇနီး၊ ဒေါ်ခင်သန်းဝင်း-ဦးလှမြင့်၊ ဦးတင်ဝင်း (Brown & Stone Computer EmbroidEry)-ဒေါ်ချမ်းမြဇာချည်ဝင်း၊ ဒေါ်မိမိချို (ဗိုလ်ချုပ်ဈေး)-ဦးဇော်မင်းဦး၊ ဒေါ်ခင်မာဝင်း- ဦးမျိုးထွဋ်၊ ဒေါ်ခင်မာကြည်-ဦးဇော်မင်းတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၆-၅-၂၀၀၄ ရက်နံနက် ၁၂:၄၅ နာရီတွင်အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့်ယင်းနေ့ညနေ အဆွာရ်နမာဇ်အပြီး ရေဝေးမွတ်စလင် ကာဘာရ်စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်သန်း
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်ပိုင်း)၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ်၄၄နေ(ဦးမောင်မောင်ဆင့်- ဒေါ်သန်းရီ)တို့၏သားငယ်၊ ဦးသိန်းဌေး-ဒေါ်သန်းသန်းနွယ်၊ (ဒေါ်မမခင်)၊ဦးခင်မောင်မောင်-ဒေါ်အေးအေးမူ၊ ဒေါ်လှလှမေ၊ ဦးသိန်းဇော်-(ဒေါ်သန်းသန်းဌေး)တို့၏ညီမောင်၊ မကေသီဆင့်၏ အစ်ကို၊ မောင်ဇာနည်မောင်၊ ရူပအောင်၊ သက်မောင်မောင်တို့၏ဦးလေးသည် ၆-၅-၂၀၀၄ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုယ်တိုင်ရောင်းမည်

ခြံနှင့် နှစ်ထပ်တိုက် ပေ ၆၀ X ပေ ၁၀၀ ပေါ်ရှိ 2RC 4 MBR ပါကေးခင်း၊ ကြွေပြားကပ်၊ ကွန်ကရစ်ခင်း၊ ဘိုးဘွား၊ ဖုန်းပါ၊ ညှိနှိုင်း၊ ၆၆၁၁၀၉

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ (မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ(မြင်းခြံ) အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်(၁)အခြေခံပညာဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ (မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ(မြင်းခြံ)အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ (မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏ မိခင်ဒေါ်ခင်ပေါ(မြင်းခြံ)အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ ရက်တွင်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ (မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ(မြင်းခြံ)အသက် (၇၉)နှစ်သည် ၆-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)။

Ph: 299760
44 လမ်း မြေညီ 12½ × 40

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက် ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဒေါ်ခင်မေဝင်း
သိန်းမင်းငရုတ်ဆိုင်
မိတ္ထီလာဈေး
အသက် (၄၂)နှစ်

မိတ္ထီလာမြို့ ပွဲစားတန်းနေ(ဦးပျော့-ဒေါ်စိန်မြ)တို့၏သမီး၊ ဦးစိန်ရွှေ၊ ဦးစိန်ငွေတို့၏ တူမ မခင်စော၊ မခင်ပေါ၊ (ကိုမောင်ငွေ)၊ဒုတိယဗိုလ်မှူးကြီးမြသန်းထွန်း၊ မခင်ဝင်းကြည်၊ ကိုဝင်းဗိုလ်(ခ)ပဲကြီး၊ မခင်ဝင်းကြိုင်၊ ကိုမောင်မောင်၊ မခင်သိန်းကျော် (စိန်မြ၊ ဆား၊ ငါးပိ၊ ငံပြာရည်)တို့၏ ချစ်လှစွာသော ညီမ၊ ဦးစိုးတင့်၏ဇနီး၊မသန္တာစိုး(စိုက်ပျိုးရေး၊ နောက်ဆုံးနှစ်)၊ သားကြီးတို့၏ မိခင်သည် ၄-၅-၂၀၀၄ရက် ညနေ ၇နာရီတွင် ကွယ်လွန်ခဲ့ပြီး ၅-၅-၂၀၀၄ ညနေ ၄နာရီတွင် မိတ္ထီလာ၌ သဂြိုဟ်ပြီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးအောင်ကြိုင်
အသက်(၇၁)နှစ်
အုပ်ချုပ်ရေးအရာရှိ(ငြိမ်း)၊
အရိုးရောဂါအထူးကုဆေးရုံကြီး၊
ကြည့်မြင်တိုင်

ဦးအောင်ကြိုင် နာမကျန်းဖြစ်စဉ်က အစွမ်းကုန်ကြိုးစား၍ ကုသပေးခဲ့ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးကုသဆောင်၁-၂မှဆရာဝန်ကြီးနှင့်တာဝန်ကျဆရာဝန်၊ ဆရာမများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင်ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးခဲ့ကြသော၊လွမ်းသူ့ပန်းခြင်းများပေးပို့ရန်လိုက်ပါပို့ဆောင်ပေးကြသည့်အရိုးရောဂါအထူးကုဆေးရုံကြီးမှ ဆရာဝန်များနှင့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၊ ဆေးတက္ကသိုလ်(၂)မှပါမောက္ခချုပ်နှင့်ဝန်ထမ်းများ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်မှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ မြန်မာ့ ရေနံ/ဓာတု(သံလျက်စွန်း)မှဝန်ထမ်းများ၊ Supreme Co.Ltd. မှ DY. MDနှင့် CEOတို့ ဦးဆောင်သော ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝမ်းနည်းကြောင်း သတင်းမေးမြန်း၍ အားပေးစကားတို့ကို လူကိုယ်တိုင်သော်လည်းကောင်း၊စာဖြင့်သော်လည်းကောင်း ဆက်သွယ်ကြသော မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

တစ်နှစ်ပြည့်အလွမ်း
ရှေ့နေချုပ်ဝဏ္ဏကျော်ထင်ဦးသာထွန်း
(၁၉၂၅–၂၀၀၃)

ထာဝရကျေးဇူးရှင်ကြီး ရှေ့နေချုပ်ဝဏ္ဏကျော်ထင်ဦးသာထွန်း ကွယ်လွန်ခဲ့သည်မှာ ၉–၅–၂၀၀၄ရက်တွင် တစ်နှစ်ပြည့်ပြီဖြစ်သော်လည်း ထာဝစဉ် မေ့မရနိုင်ပါ။

နေ့စဉ်လစဉ် ကျေးဇူးရှင်ဖခင်ကြီးအားရည်စူး၍ ပြုပြုသမျှသော ကုသိုလ်အစုစုနှင့် ယနေ့တစ်နှစ်ပြည့်မြောက်သည့်နေ့တွင် ပြုပြုသမျှ ဒါန သီလ ဘာဝနာ ကုသိုလ်တို့အတွက် အမျှ အမျှ အမျှ ပေးဝေကုသိုလ်ပြုပါသည်။ ကျေးဇူးရှင်ဖခင်ကြီး ရောက်လေရာမြင့်မြတ်သော ဘုံဘဝ ဘုံဌာနမှ သာဓု သာဓု သာဓု ခေါ်ဆို၍ မြင့်မြတ်သောဘုံအဆင့်ဆင့် တက်လှမ်းနိုင်ပါစေသော်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်
အသက်(၇၁)နှစ်

မအူပင်မြို့၊ ဈေးပိုင်းရပ်နေ ဦးစံသိန်း(ခ)ဦးဝက်ကြီး၏ဇနီး၊ မန္တလေးမြို့နေ ဗိုလ်မှူးသက်ဦး(MPPE)–ဒေါ်စောလှမူ၊ ပန်းတနော်မြို့နေ ဦးနိုင်နိုင်(ကြီးကြပ်–၂)–ဒေါ်မြင့်မြင့်စန်း၊ ရန်ကုန်မြို့နေ ဦးမောင်မောင်(အားသစ်ကားဂိတ်)–ဒေါ်မိုးမိုး၊ မအူပင်မြို့နေ မသန်းသန်းမြင့်၊ မောင်အောင်မျိုး(MPPE)၊ မဝါဝါမင်း၊ မယုယုနိုင်(ဂုန်လျှော်ဇုန်)တို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၈–၅–၂၀၀၄ရက် နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက် ညနေ ၃နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဟုတ်ကြူ(ခ)ဦးမြင့်သိန်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်၄၃နေ ဦးဝါရှိန်(ရွှေပန်းထိမ်ဆရာကြီး)–ဒေါ်ခင်နွယ်တို့၏သား၊ ရန်ကုန်မြို့၊ ၂၉လမ်း၊ အမှတ် ၃၄နေ ဦးရွှေဝင်း–ဒေါ်သိန်းတို့၏သားသမက်၊ ဦးမြင့်ဆွေ–ဒေါ်ခင်ဆွေအေး၊ ဦးတင့်လွင်–ဒေါ်အေးအေးဝင်းတို့၏ညီမောင်၊ ကိုလူမွှေး–မမိမိမော်၊ ကိုအောင်သန်းထူးတို့၏အစ်ကို၊ အမှတ်၃၄၊ ၂၉လမ်းနေ မအေးအေးမာ၏ခင်ပွန်း၊ မမိုးကြူကြူအေး၊ မခင်ကြူမွှေး၊ မဖြူဖြူဖွေးတို့၏ဖခင်၊ တူ တူမရှစ်ယောက်တို့၏ဦးလေးသည် ၇–၅–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၀၄ ရက် နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

လားရှိုးမြို့၊ (၁)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၁၉ နေ (ဝဏ္ဏကျော်ထင် ဦးစဝ်ခွန်စမ်–ဒေါ်နန်းဆွေ)တို့၏သမီးထွေး၊ ဗိုလ်ချုပ်ကိုကို–ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ညီမထွေး ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း(လားရှိုး) အသက်(၄၁)နှစ်သည် ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်မောင်အေး–ဒေါ်ညွန့်တင်
ဦးဆောင်ညွှန်ကြားရေးမှူး
မွေးမြူရေး၊အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးအောင်
ပါမောက္ခ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခ ဒေါက်တာဦးအောင်သည် ၄–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **2002-2003 (M.Res) (Analytical)မှတပည့်များ။**

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်အင်ရွှေ
(ထားဝယ်မြို့)
(ဆရာမကြီး၊ငြိမ်း)
အသက်(၆၈)နှစ်

ထားဝယ်မြို့နေ ဦးဘနောင်–ဒေါ်ငြိမ်းသင်တို့၏သမီး၊ အမှတ် ၇၀၇၊ ပုံကျွန်းလမ်း၊ ပုံကျွန်းရပ်နေ ဦးကျော်မောင်(ဆရာကြီး၊ ငြိမ်း)၏ဇနီး၊ (ဦးလှဝင်း)–ဒေါ်လှရွှေ၊ (ဦးသန်းအောင်)–ဒေါ်တင်ရှိန်တို့၏ညီမ၊ ဦးစိန်တင့်(စစ်မှုထမ်းဟောင်း၊ မိတ္ထီလာ)–ဒေါ်သန်းသန်းနွဲ့၊ ဦးလှအေး–ဒေါ်ခင်သိန်း၊ ဦးတင်လှိုင်–(ဒေါ်နှင်းကြည်)၊ ဦးစန်းလွင်–ဒေါ်စန်းကြည်၊ ဦးငွေလွင်–ဒေါ်ကာကာထွေး၊ ဦးအောင်စိုး၊ ဒေါ်ခင်မြင့်တို့၏အစ်မကြီး၊ မောင်မျိုးလွင်ကျော်(သားသား)၏မိခင်သည် ၇–၅–၂၀၀၄ ရက် နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဝဲကျွန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ခင်ဝင်းကြူ(မော်ဘီမြို့)
အသက်(၄၈)နှစ်

စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နယ်နေ (ဦးဘို–ဒေါ်နန်းခင်)တို့၏ သမီး၊ (ဦးလှရွှေ–ဒေါ်အုန်းစိန်)တို့၏ သမီးချွေးမ၊ ရွှေဘိုမြို့နေ (ဦးစိန်ထူး–ဒေါ်ချစ်ချစ်)၊ (ဒေါ်ဝင်းနု)၊ (ဦးတုန်ဂွမ်း)–ဒေါ်ဝင်းကြည်(အမကၤမဒန်ယန်)၊ (ဦးဇော်ဝင်း)တို့၏ညီမ၊ ဦးသိန်းမြင့်(AM, MTE)–ဒေါ်ဝင်းမူတို့၏အစ်မ၊ မော်ဘီမြို့၊ တိုးချဲ့(၂)ရပ်ကွက်၊ နောင်ရိုး၂လမ်း၊ အိမ်အမှတ်B(21)နေ (ဦးစိုးမြင့်နိုင် တောအုပ်ကြီး)၏ဇနီး၊ ကိုဝဏ္ဏစိုး(မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်)၊ မသီတာစိုး(CFDTC၊ မော်ဘီ)၊ မမာလာစိုး(JAT)၊ မသူဇာစိုး(2nd Year, Chem)တို့၏မိခင်သည် ၇–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ ရက် မွန်းလွဲ၁နာရီတွင် နေအိမ်မှ မော်ဘီသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမကြီး
ဒေါ်ညွန့်ရီ
(နေပြည်–ဟင်္သာတ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်၁၀၉၊ စဉ့်အိုးတန်းလမ်း (မြေညီထပ်)နေ (ဦးမောင်ခင်)၏ဇနီး၊ နေပြည်မြို့နေ ဦးတင်ဝင်း–(ဒေါ်ရှုကြည်)၊ ဟင်္သာတမြို့နေ ဦးဝင်းကျော်–ဒေါ်ခင်ဝင်း၊ ရန်ကုန်မြို့နေ ဦးချိန်ဟင်–ဒေါ်ခင်နှင်းမော်၊ (ဦးတင်အုန်း)–ဒေါ်နှင်းနှင်းအေး၊ ဦးတင်ဝင်း–ဒေါ်နီနီ၊ ဒေါက်တာကျော်သူရ–ဒေါ်ခင်ဦးမေတို့၏ မိခင်၊ မြေး၂၀ယောက်၊ မြစ် ၁၄ယောက်တို့၏ ဘွားဘွားကြီးသည် ၈–၅–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၅–၂၀၀၄ရက် (တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်)။

ကျန်ရစ်သူမိသားစု။

ဦးအောင်မျိုးဦး
လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)
အငြိမ်းစား၊ A.G.T.I(E.P),
သာကေတဓာတ်အားပေးစက်ရုံ
B.A(Myanmar),H.G.P,R.L
တရားရုံးချုပ်ရှေ့နေ
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၇၃၈၊ စုပေါင်းရုံးလမ်း၊ (၁၇)စွမ်းအင်ရပ်ကွက်နေ ဒေါ်ခင်မျိုးသက် (သူနာပြု၊ငြိမ်း)၏ခင်ပွန်း၊ မောင်ကိုကိုလွင်–မစန်းစန်းအေး၊ မောင်ညီညီလွင်–မညီညီဝင်း၊ မောင်ကျော်မျိုးနိုင်(B.Sc,Bot;)–မမြတ်သက်ဦး(B.Sc,Maths)၊မသင်းဆွေဦး A.G.T.I (Civil),B.Tech(Civil),B.Sc(Maths)၊ မောင်မျိုးဆွေဦး(E/E Petro Easkem, Yoma Marine)–မခင်ချိုဟန်(B.Sc, Physics)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၈–၅–၂၀၀၄ ရက် (စနေနေ့)မွန်းလွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၅–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဖရုံ
(ရွှေညောင်၊ အောင်သပြေ)
အသက်(၇၇)နှစ်

ပုဂံ–ညောင်ဦးမြို့နယ်၊ တောင်ဇင်း၊ ကွမ်းဖလားရွာ (ဦးသာမောင်–ဒေါ်သိန်းဆင်)တို့၏သမီးကြီး၊ ဦးကျော်အေး၏ဇနီး၊ ရွှေညောင်၊ အောင်သပြေ ဦးအောင်–ဒေါ်တင်တင်ခိုင်၊ (ဦးကျော်လေး)–ဒေါ်နန်းလှနှင့် ဦးစိန်မှန်–ဒေါ်သန်းသန်းမြင့်တို့၏မိခင်၊ ဦးပေါက်ကျော်–(ဒေါ်ချစ်)၊ ဦးသောင်းရွှေ–ဒေါ်ခင်ကြည်(မတ္တရာ)၊ (ဦးထွန်းစိန်)–ဒေါ်စိန်မြိုင်(အောင်သပြေ)၊ ဦးမောင်မောင်အေး(နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်)–ဒေါ်တင်ရီတို့၏ အစ်မကြီး၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၇–၅–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် အထက်ပါ အောင်သပြေ၊ စဉ့်ဟယ်ရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၀၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် စဉ့်ဟယ်ရွာသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

သခင်သိမ်းထွန်း
နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
မော်လမြိုင်ကျွန်းမြို့
အသက်(၈၆)နှစ်

မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၁)ရပ်ကွက်၊ အမှတ်(၄)၊ အောင်ဆန်း(၄)လမ်းနေ (ဒေါ်အေးကြည်)၏ခင်ပွန်း၊ ဦးစစ်အေး–ဒေါ်ကြည်ကြည်သိမ်း(သားဖွားဆရာမ)၊ ဒေါ်ကြည်ကြည်နွယ် (တရားရုံးချုပ်ရှေ့နေ)၊ ဦးတင်ဦးလွင်(အထွေထွေအုပ်ချုပ်ရေးမှူးရုံး)၊ ဒေါ်မြမြဝင်း၊ ဒေါ်နီနီနွယ်(ဦးစီးအရာရှိ၊အကောက်ခွန်ဦးစီး)၊ ဒေါ်မာမာသိမ်းထွန်း(မော်လမြိုင်ကျွန်းစာရင်းရုံး)၊ ဦးမြင့်နိုင်(အကောက်ခွန်မှူး)–ဒေါ်ကြည်မျိုးတင့်၊ ဒေါ်မိုးမိုးသိမ်းထွန်း၊ ဗိုလ်ကြီးမောင်မောင်ထွေးဆွေ–ဒေါ်ဇာနီသိမ်းထွန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၇–၅–၂၀၀၄ ရက် (သောကြာနေ့) ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် မော်လမြိုင်ကျွန်းသုသာန်တွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပေါ (မြင်းခြံမြို့)
အသက်(၇၉)နှစ်

မြင်းခြံမြို့၊ အမှတ် ၃ရပ်ကွက်နေ (ဦးထွန်းနိုင်–ဒေါ်ဖွားအုံ) တို့၏သမီး၊ (ဦးတင်မောင်) နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)၏ဇနီး၊ ရန်ကုန်မြို့နေ ပညာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း–ဒေါ်ခင်မော်၊ ဦးအုန်းမောင်–ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးခင်မောင်အေး–ဒေါ်လှလှဝင်း၊ဗိုလ်ကြီးသန်းဆွေဝင်း(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)–ဒေါ်စိုးပပ၊ ဦးဝင်းမြင့်သိန်း–ဒေါ်သန္တာဦး တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ဘွားဘွားကြီးသည် ၆–၅–၂၀၀၄ ရက် နံနက် ၅း၃၀နာရီတွင် မြင်းခြံမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈–၅–၂၀၀၄ ရက် နံနက် ၉နာရီတွင် ရွာဇီသို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးချမ်း (ကသာ)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ် ၄၄(ဒီ)နေ (ဦးချူ–ဒေါ်ကြည်)တို့၏သား၊ ဒေါ်လန်း၏ခင်ပွန်း၊ ဦးစံဝင်း–ဒေါ်သီတာဝင်း၊ ဦးသိန်းဝင်း–ဒေါ်ရီရီဆွေ၊ ဦးကျော်ဝင်း–ဒေါ်လဲ့လဲ့ဆွေ၊ ဦးစံထွန်း–ဒေါ်လဲ့လဲ့ဝင်း၊ ဦးမောင်မောင်မြင့်–ဒေါ်ခင်ခင်မြင့်၊ ဒေါက်တာစံရွှေ–ဒေါ်ဖြူဖြူဆွေတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀–၅–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် အလုပ်သမားဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ရင် (B.Com.R.A)
Sein & Co., Company (စာရင်းစစ်များအဖွဲ့)
အသက်(၇၈)နှစ်

(ဦးလှိုင်–ဒေါ်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးကိုကိုကြီး(မိုးညို)၏ဇနီး၊ ဦးအောင်ခင်(ဒုတိယညွှန်ကြားရေးမှူး–ဥပဒေ၊ အငြိမ်းစား)–(ဒေါ်ခင်အုန်းမြင့်)၊ ဦးခင်မောင်ဝင်း–ဒေါ်ခင်စန်းရီတို့၏အစ်မ၊ (ဦးခင်မောင်ဦး)၊ ဦးညိဘ (Manager UE Trade Corporation Pte. Ltd)–ဒေါ်မာလာလွင်(ဌာနခွဲမှူး–M.T.E.I)၊ ဦးမျိုးထွန်း (မြန်မာ့သတင်းစဉ်–ပြည်တွင်း)–ဒေါ်ခင်စန်းဝင်း(ကြေးမုံသတင်းစာတိုက်)၊ ဒေါက်တာကြည်ဝင်း(ဆေးတက္ကသိုလ်–USA)–ဒေါ်ချိုချိုဝင်း(ဆေးတက္ကသိုလ်–USA)၊ ဒေါက်တာရဲဝင်း(ဆေးတက္ကသိုလ်–တောင်အာဖရိက)–ဒေါ်တင်မိုးချစ် (ဆေးတက္ကသိုလ်–တောင်အာဖရိက)၊ (မိုးသူဇာ)တို့၏ မိခင်၊ ဒေါ်သိန်းရီ၊ မဆွေဆွေမာတို့၏ကြီးကြီး၊ မြေး ၁၅ ယောက်တို့၏ အဘွားဒေါ်စိန်ရင်(ကညင်ပင်)သည် ၇–၅–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းမယ်တော်ကြီး
ဒေါ်ခင်တင့် (ဒါးပိန်)
(မခင်သန်းဆေးလိပ်ရုံ)
အသက်(၈၇)နှစ်

ဒါးပိန်မြို့ အလယ်ပိုင်းနေ ဦးမောင်လေး–ဒေါ်ပုတို့၏သမီး၊ ဦးဖိုးဥာဏ်–ဒေါ်ကုလားမတို့၏ချွေးမ၊ (ဦးစံညွန့်)၊ (ဦးမေဓာ)၊ (ဦးပန်းအေး–ဒေါ်နှင်းသွယ်)၊ (ဦးသောင်းကြွယ်)တို့၏ ညီမ၊ ဒေါ်သန်းမြ၏အစ်မ၊ (ဦးလေးမောင်)၏ဇနီး၊ မပြုံးပြုံးကြည်၊ မနွဲ့နွဲ့ရီတို့၏ မိခင်သည် ၇–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ဒါးပိန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစိန်ဝင်း (မြန်မာ့မီးရထား)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ငွေလမင်းရိပ်သာလမ်းသွယ်၊ အမှတ် ၅၅(စီ–၁)နေ (ဦးသက်ဝေ–ဒေါ်ငယ်)တို့၏သား၊ (ဒေါ်နွယ်)၏ခင်ပွန်း၊ ဦးစိုးတင့်(အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်တောင်ပိုင်း)–ဒေါ်အေးအေးချစ်တို့၏ဖခင်၊ ကိုမျိုးကြည်စိုး၊ မအေးအေးခိုင်၊ ကိုကျော်စွာစိုးတို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည် (ဒေါ်ရွှေကြည်)
(မော်လမြိုင်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၄၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်နေ ဦးစိုးမြင့်–ဒေါ်ငွေငွေဝင်း၊ ဦးရဲမြင့်ထွန်းတို့၏ မိခင်၊ မသီသီထွန်း(တတိယနှစ်–Eco)၏ အဘွားသည် ၇–၅–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃–၅–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်း
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁ ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၂၉၈နေ(ဦးအောင်တင်)၏ဇနီး၊ (ကိုသိန်းရွှေ)–မသန်းမြင့် (P.P.E)၊ ကိုစိုးငွေ (P.P.E)၊ မလှလှမြင့်၊ မစန်းစန်းအေး (Pacific Star Co.,Ltd.)၊ မစန်းစန်းထွေး(စည်ပင်၊ပန်းဥယျာဉ်)–ကိုကျော်ဝင်းထွဋ်၊ မောင်သိန်းဇော်၊ မသက်သက်ခိုင်(စည်ပင်၊ပန်းဥယျာဉ်)၏မိခင်၊ မြေးသုံးယောက် တို့၏အဘွားသည် ၇–၅–၂၀၀၄ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်မြမေ
(ကျောင်းကုန်းမြို့နယ် ရာသက်ပန်အသင်းဝင်)
အသက်(၁၀၁)နှစ်

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ကျားကိုက်ချောင်းကျေးရွာနေ(ဦးဖိုးကျန်–ဒေါ်မကြီး)တို့၏သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊(ည)ရပ်ကွက်၊ခေမာသီလမ်း၊ အိမ်အမှတ် ၁၀၃၄ နေ ဦးမြချစ်–ဒေါ်မေမေရီ(ဒန်သတ္တုလုပ်ငန်း)၊ (ဦးလှမောင်–ဒေါ်စန်းမြင့်)(ဝါးခယ်မ)၊ ဦးအုန်းမြင့်–ဒေါ်သန်းသန်းတို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၂၃ ယောက်၊ တီလေးယောက်တို့၏ ဘွားဘွားကြီးသည် ၈–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၅–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်မသိန်းဦး (စစ်တွေမြို့)
အသက်(၈၆)နှစ်

စစ်တွေမြို့၊ လမ်းမတော်မြောက်နေ (ဦးကျော်ဖ–ဒေါ်လှသန္တာ)တို့၏သမီး၊ (ဒေါက်တာဦးကျော်မင်း)၏ဇနီး၊ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်၂၁၊ အခန်း၄၀၁၊ (၅)ရပ်ကွက် ၊မြကန်သာအိမ်ရာ၊ ခရေ၄လမ်းနေ ဦးကျော်သိန်း(မြို့နယ်စည်ပင်၊ ငြိမ်း)–ဒေါ်လှမြအေးတို့၏မိခင်၊ မအေးအေးသန်း(ငါးလုပ်ငန်းဦးစီးဌာန)၊ကိုကျော်စိုး(F.G Oiler)၊(ကိုသန်းဝင်း)၊ကိုကျော်နိုင်(Zizawa Health care)၊ (ကိုကျော်ဝင်း)၊ မစန္ဒာကျော်၊ မစုစုကျော် (Youth Force Marketing Co., Ltd.)တို့၏ အဘောင်ရှင်၊မအိန္ဒြာသန်းဝင်း၏အဖီးရှင်သည် ၇–၅–၂၀၀၄ရက် (သောကြာနေ့) ည၁၁နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ခလီဖွဟ်ဦးခင်ရွှေ(ခ)
ခလီဖွဟ်အဗ္ဗဒူလ်ဂျဘ္ဘားရ်
(ကာဒရီယာတွရီကာ)
(ကော့ကရိတ်မြို့)
အသက်(၆၇)နှစ်

ကော့ကရိတ်မြို့(ဦးအဗ္ဗဒူလ္လတိုးဖ်–ဒေါ်ဖိုင်တွန်ဘီ)တို့၏သား၊ (ဦးအဗ္ဗဒူရရှားက်(ခ)ဦးဖိုးယုံ–ဒေါ်ရှရီဖှာ(ခ)ဟာကီမာဘီ)တို့၏သားသမက်၊ ဒေါ်ခိုင်ရွန်ဘီ(ခ)ဒေါ်ချိုတီ၏ ခင်ပွန်း၊ ဦးစိန်မြင့်–ဒေါ်နီလာ၊ ဦးထွန်းနိုင်–ဒေါ်သီတာ၊ ဦးမြင့်သိန်း၊ မော်လဝီ ဦးမောင်မောင်[မဒီနီ–အေမာမ်(အလ်အဇ်ဟရ်–ကိုင်ရို)]မော်လဝီ ဦးတင်အေး (အစ္စလာမ္မီယာ–မိုဟာမ္မက်ဒီယာ)၊ မကြည်ပြာ(Final Year I.C ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ဖခင်၊ မောင်သန့်ဇင်ဦး First Year(M.Y.A)ဘားအံတက္ကသိုလ်၊ မဖြူဖြူဝင်း၊ မနီနီဝင်း၊ မောင်မြတ်မင်းဦး၊ မမြတ်နန္ဒာထွန်းတို့၏အဘိုးသည် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၀း၀၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၃–၄–၂၀၀၄ ရက် (သောကြာနေ့) ဂျုမ်မာအပြီး ကော့ကရိတ်မြို့ ကဘာန်စတန် ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကြည်စိန် (ထားဝယ်)
Plex Chem. Co.
အသက်(၆၆)နှစ်

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်နေ (ဦးရန်းနား–ဒေါ်အင်သီ)တို့၏ သား၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ရွှေနှင်းဆီလမ်းသွယ် 5(B)၊ အိမ်အမှတ် ၅၈၀ E-2 နေ (ဒေါ်တင်နွယ်ခ၊ အငြိမ်းစား ပါမောက္ခ)၏ခင်ပွန်း၊ (ဒေါ်ကြည်ပို)၊ ဦးကြည်လင်(ဒုညွှန်မှူး၊ ငြိမ်း၊ ရေနံဓာတု၊ Working. Advisor Myanmar Tokiwa Co.)–ဒေါ်မြတင်၊ (ဦးအန်ချိန်)–ဒေါ်လှကြည်၊ ဒေါ်စိန်တင်၊ ဦးနေအောင်–ဒေါ်ခင်ဟုန်တို့၏ ညီ/မောင်သည် ၇–၅–၂၀၀၄ရက် (သောကြာနေ့) နံနက် ၅း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကောဝိဒမဟာထေရ်
သက်တော်(၈၀)၊ သိက္ခာတော်(၅၀)

ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ သဲကုန်းကျေးရွာ၊ သဲကုန်းကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သဲကုန်းပဝါရဏာဂိုဏ်းကြီး၏ အကြီးအမှူး ဦးစီးပဓာန ရတ္တညုမဟာနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ကောဝိဒ မဟာထေရ်သည် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက် (၅–၅–၂၀၀၄ ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၉း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် (၁၃–၅–၂၀၀၄ရက်) ကြာသပတေးနေ့တွင် အန္တိမအဂ္ဂိဈာပန ပူဇာသဘင် ဆင်ယင်ကျင်းပပါမည်။ဈာပနကော်မတီ၊သဲကုန်းရွာ၊သုံးခွမြို့နယ်။

ဦးစိန်ဖေ
(ပဲခူး–ရေတံခါးတာဝ)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၃၁၀ (ဒုတိယထပ်)နေ (ဦးဘရင်–ဒေါ်ငွေတင်)တို့၏သား၊ (ဒေါ်သန်းကြည်)၏ခင်ပွန်း၊ ဦးသန်းအိ(စာရင်းစစ်အရာရှိ၊ငြိမ်း)–ဒေါ်ခင်စန်းမြင့်(လ/ထ တိုင်းစာရင်းစစ်အရာရှိပဲခူးတိုင်း)၊ ဦးစန်းလွင်(ဦးစီးအရာရှိ၊ သမဦးစီး၊ ငြိမ်း)–ဒေါ်အေးအေးဝင်း (ဆိပ်ကမ်းမြို့နယ်စာရင်းရုံး)၊ ဦးအောင်မြင့်၊ (ဦးအောင်တင့်)– ဒေါ်လှနွဲ့၊ ဦးမျိုးမြင့်(ပန်းချီ)–ဒေါ်ထားထားလွင်(ဆေးတက္က–ဗန်ကောက်)၊ ဗိုလ်မှူးမျိုးဝင်း(မြဝတီ ရပ်/သံ)၊ ဦးမောင်မောင်ဝင်း–ဒေါ်ခင်စောဝင်း (မင်္ဂလာဈေး)၊ ဦးရဲလွင်တို့၏ဖခင်၊ မြေး ၁၅ ယောက်၊မြစ်ခြောက်ယောက်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၇–၅–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

သခင်သိမ်းထွန်း
နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
မော်လမြိုင်ကျွန်းမြို့
အသက်(၈၆)နှစ်

မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၁)ရပ်ကွက်၊ အမှတ်(၄)၊ အောင်ဆန်း(၄)လမ်းနေ (ဦးဘိုးဂေါင်–ဒေါ်မယ်တင့်)တို့၏သားကြီး၊ (ဦးသန်းထွန်း)–ဒေါ်လှလှသန်း၊ (ဦးအောင်ကြီး)–ဒေါ်ညိုညို၊ (ဦးထွန်းညိမ်း)တို့၏အစ်ကိုကြီး၊ ဦးစိုးအောင်(လ/ထဦးစီးမှူး၊ မော်ကျွန်း မြေစာရင်း)၊ ဦးမျိုးနိုင်၊ ဒေါ်စန်းစန်းဌေး (မော်ကျွန်းတယ်လီဖုန်းအိတ်ချိန်း)၊ ဦးမျိုးဝင်း–ဒေါ်သူဇာသန်း (ပန်းဘဲတန်းသ/မကျန်းမာရေး)–ဒေါ်ဥမ္မာသန်း၊ ဒေါ်မိုးမိုးသန်း၊ ဦးတင်ထွန်းနိုင်(ကြေးမုံ)၊ မောင်ပြည့်စုံထွဏ်းတို့၏ ဘကြီးသည် ၇–၅–၂၀၀၄ရက် (သောကြာနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် မော်လမြိုင်ကျွန်းသုသာန်တွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူ တူ/တူမများ။

ဒေါ်စံနုမေ
အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ နဂါးရွာနေ(ဦးဝေသာအောင်–ဒေါ်အေးသီတာဦး)တို့၏သမီး၊ ဦးသိန်းကျော်ရွှေ၊ တကက သိန်းလှရွှေ–ဒေါ်သန်းသန်းယု၊ ဦးစောနောင်(ခ) ဦးသိန်းမောင်ရီ – ဒေါ်လှဝင်းကြည်၊ ဦးတင်ဝင်း–ဒေါ်သန်းနု၊ ဦးသန်းကျော်–ဒေါ်အိအိခင် တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၂ လမ်း၊ အိမ်အမှတ်(၇၁)နေ ဒေါ်စံနုမေသည် ၇–၅–၂၀၀၄ ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအေးမောင် (တပ်ကုန်း)
အသက်(၈၃)နှစ်

မန္တလေးတိုင်း၊ တပ်ကုန်းမြို့နယ်၊ ညောင်လွန်းရွာနေ (ဦးဘအုန်း–ဒေါ်လှ)တို့၏သား၊ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အမှတ်(၅)ရပ်ကွက်၊ မြို့သစ်လမ်း၊ အမှတ် ၁၀၃နေ (ဒေါ်သန်းကြည်)၏ခင်ပွန်း၊ (ဦးတင်မြင့်)–ဒေါ်မြင့်မြင့်၊ (ဦးအုံမောင်–ဒေါ်ခင်ဝင်းထွေး)၊ ဦးဝင်းမြင့်–ဒေါ်တင်မြင့်၊ ဦးတင်ကြိုင်–ဒေါ်ချိုချိုသောင်း၊ဦးတင်ဦး(ကကဝယ်)–ဒေါ်စန်းစန်း၊ ဦးသက်နိုင်–ဒေါ်လှစိန်၊ ဦးစည်သူအောင်(ပြန်/သံ ဦးစီးဌာန)တို့၏ဖခင်၊ မြေး ၁၆ယောက်တို့၏အဘိုးသည် ၇–၅–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုံးကြင်
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (၉)ရပ်ကွက်၊ ဝါယာလက် ၂ လမ်း၊ အမှတ် ၃၃၄(A)နေ (ဦးစု)–ဒေါ်ရှမ်းတို့၏သမီး၊ (ဦးလှရွှေ)၏ဇနီး၊ ဦးတင်အုံး–ဒေါ်ကြင်တို့၏ညီမ၊ ဦးဝင်းမောင်–ဒေါ်ခင်မာပြုံး၊ ဦးနေဝင်း–ဒေါ်မူမူအောင်၊ ဦးနေလင်း–ဒေါ်နွဲ့နွဲ့သိန်း၊ ဦးအောင်နိုင်၊ ကိုသန်းထွန်းဝင်း၊ ကိုသန်းနိုင်ဝင်း၊ မစန်းသီတာထွန်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၈–၅–၂၀၀၄ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀–၅–၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးရွှေ (ကဝမြို့)
(ကရဝိက်ဆီစက်၊ဆန်စက်)
အသက်(၇၄)နှစ်

ပဲခူးတိုင်း၊ကဝမြို့နယ် ရန္တဗိုလ်လမ်းနေ (ဦးအောင်လှ–ဒေါ်အေးကျင်)၊ (ဦးထွန်းအောင်–ဒေါ်ဖွားတင်)တို့၏ သားသမက်၊ ဒေါ်စန်းကြည်၏ခင်ပွန်း၊ (ဦးအောင်ကြည်)၊ ဒေါ်တင်မာရီ၊ ဦးတင့်လွင်–ဒေါ်သန်းသန်းအေး၊ ဦးသိန်းဌေး–ဒေါ်အေးသင်၊ဦးသန်းထွန်း–ဒေါ်လှလှဌေး၊ ဗိုလ်မှူးအောင်ဝင်း–ဒေါ်မြင့်မြင့်အေးတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၇–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀–၅–၂၀၀၄ရက်တွင် ကဝသုသာန် ၌ ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုမျိုးမင်းဦး (ရေနံချောင်း)
အသက်(၂၆)နှစ်

ရေနံချောင်းမြို့၊ မြစိမ်းရောင်ရပ်နေ ဦးအုန်းမြင့်(အထွေထွေမန်နေဂျာ၊ သာကြီးတောင်–စပယ်ရေနံမြေ)–ဒေါ်သန်းသန်းခင်တို့၏သားငယ်၊ ကိုဇော်မင်းဦး (Tycoon Navagation Sa.Taiwan)၊ ကိုရဲလွင်ဦး(S.K Management Co., Ltd. Japan)၊ မမွန်မွန်ဦး(B.Sc. Hon: Maths)တို့၏ညီ/မောင်၊ ရေနံချောင်းမြို့၊ အိုးဘိုရပ်နေ(ဦးဆွေသက်၊ မြို့နယ်ပညာရေးမှူး၊ ရေနံချောင်းမြို့)–ဒေါ်တင်နွဲ့ (မိခင်နှင့် ကလေး၊ရေနံချောင်းပြည်သူ့ဆေးရုံ)တို့၏သားသမက်၊ ရေနံချောင်းမြို့၊ မြစိမ်းရောင်ရပ်နေ မခိုင်စပယ်သက်၏ခင်ပွန်း၊ မဆုဆုပြည့်မျိုး၏ဖခင်သည် ၈–၅–၂၀၀၄ရက်(စနေနေ့) နံနက် ၂နာရီတွင် ရေနံချောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေနံချောင်းမြို့ မြေနီခင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်း(ခ)ဦးဟုတ်ကြူ
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်၄၃နေ ဦးဝါရှိန် (ရွှေပန်းထိမ်ဆရာကြီး)–ဒေါ်ခင်နွယ်တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်း၊အမှတ် ၃၄နေ ဦးရွှေဝင်း–ဒေါ်သိန်းတို့၏ သားသမက်၊ ဦးသူရ–ဒေါ်သန္တာရွှေ၊ ဦးမောင်မောင်စန်း–ဒေါ်သန်းသန်းအေးတို့၏ ညီ၊ ကိုမြင့်ကြည်–မခင်ငြိမ်းချမ်း၊ ကိုစောနိုင်–မသက်ထိုက်မြတ်တို့၏အစ်ကို၊ ရွှေဘုံသာလမ်း၊ အမှတ်၃၄နေ ဒေါ်အေးအေးမာ၏ခင်ပွန်း၊ မမိုးကြူကြူအေး၊ မခင်ကြူမွှေး၊ မဖြူဖြူဖွေးတို့၏ဖခင်၊ တူတူမရှစ်ယောက်တို့၏ဦးလေးသည် ၇–၅–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ခွာပါ မည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မေ ၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပင်လောင်းမြို့ရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း (တီကျစ်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစဉ်။ **(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)**

သီးနှံ ၁၀ မျိုး အထွက်တိုးရေး အလေးထားဆောင်ရွက် ဌာနဆိုင်ရာများ ကျေးလက်အထိကွင်းဆင်းလေ့လာ၊ စီမံပြည့်ဆည်း မှန်ကန်သောဦးဆောင်စီမံမှုဖြင့် တက်ညီလက်ညီ စုပေါင်းကြိုးပမ်း

ယနေ့ထုတ်စောင်ရေ – ၁၉၉၈၄၈

ရန်ကုန် မေ ၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ တပ်တော်ဦး ဘိုးရဟန်းအခြေခံပညာမူလတန်းကျောင်းနှင့် မြကျိုင်းတောင်အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ဇုတ်သုတ်စံပြကျေးရွာ တပ်တော်ဦး ဘိုးရဟန်းအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘီးလင်းမြို့နယ် ဝွေ့တန်းရှည် ရေထိန်းတံခါး တည်ဆောက်ရေး လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ တပ်တော်ဦးဘိုးရဟန်းအခြေခံပညာမူလတန်းကျောင်းအတွက် ကွန်ပျူတာ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သံချောင်းများခေါင်းထဲစိုက်ဝင်

လော့စ်အိန်ဂျလိစ်မြို့တွင် ဆောက်လုပ်ရေးအလုပ်သမား အစ်ဆီဒရိုမီဂျာ (၃၉)နှစ်သည် လုပ်ငန်းခွင်တွင် သံရိုက်သေနတ်မှ မတော်တဆ သံချောင်းများထွက်ကာ သူ၏ ဦးနှောက်နှင့်ဦးခေါင်းထဲ၌ သံချောင်းခြောက်ချောင်း ထိုးစိုက်ဝင်သွားခဲ့ရာ ငါးချောင်းကို ခွဲစိတ်ဖယ်ရှားပေးခဲ့ရသည်။ ဆဋ္ဌမမြောက်သံချောင်းကိုမူ မျက်နှာအရောင်လျော့သွားချိန်ကျမှ မျက်နှာမှနေ၍ ဖယ်ရှားပေးခဲ့ရသည်။

ယာပုံ မှာ ဦးခေါင်းနှင့် ဦးနှောက်ထဲ၌ စိုက်ဝင်နေသော သံချောင်းများကို ဓာတ်မှန်၌ဖော်ပြသည့်အတိုင်း တွေ့ရပုံဖြစ်သည်။

(ဓာတ်ပုံ–အင်တာနက်)



လေယာဉ်ခိုးစီးသောဖားငယ်

ဩစတြေးလျ တန်တက်စ်လေကြောင်းလိုင်းက ယခုနှစ်တွင် လက်မှတ်မဲ့ခရီးသည်တစ်ဦးကို ၎င်းတို့တင်ဆောင်ခဲ့ကြောင်း ဝန်ခံခဲ့သည်။

အဆိုပါခရီးသည်မှာ **ဝဲပုံ** တွင်မြင်ရသည့်အတိုင်း လူသားခရီးသည်မဟုတ်ဘဲ ဖားတစ်ကောင်ဖြစ်နေသည်။ မဲလ်ဘုန်းမှ နယူးဇီလန်နိုင်ငံ ဝယ်လင်တန်သို့ ပျံသန်းသည့်ခရီးစဉ်တွင် ဆလတ်ရွက်များအတွင်း ပုန်းကွယ် လိုက်ပါခဲ့ခြင်းဖြစ်သည်။ **(ဓာတ်ပုံ–အင်တာနက်)**